မြသီတာကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မြသီတာကျေးရွာ၊ မိုးညှင်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
မြသီတာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၈
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၈
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်

ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲများ**
ဇယား ၂၄ **ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ **လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား ၄၅ **ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉
ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့်

နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မြသီတာကျေးရွာ
မိုးညှင်းမြို့နယ်

မြသီတာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ဒေသ၏ မိုးရွာသွန်းမှုအချိန်မှန်ခြင်းနှင့်သဘာဝချောင်းရေမှ ရေလုံလောက်မှု ကြောင့်စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့် အထောက်အကူပြုသည်။ကျေးရွာအနီးတွင် ချောင်းငယ်များရှိပြီး မြေပြင်အနေအထားမှာမြေပြန့်ဖြစ်သည်။လယ်ယာမြေများသည် စပါး၊ပဲ စိုက်ပျိုး ထုတ်လုပ်ရန်အတွက် အဓိကအား ထားရာဖြစ်သည်။ကျေးရွာတွင် ချောင်းရေကြီးရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ခံစားရဖူးသည်။ရေကြီးရေလွှမ်းမိုးမှုအန္တရယ် ရှိနေဆဲဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။တောင်သူများမှာ ချောင်းရေမှတဆင့် လယ်မြေဧကအားလုံးနီးပါး ရေသွင်းစိုက်ပျိုးနိုင်သည်။ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၁၅၄) ဧကရှိပြီး စပါးနှင့် ပဲငပိကို အဓိက စိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၆၁)စုနှင့်ကျား(၁၆၁) ၊ မ(၁၈၅) ဦးဖြင့် လူဦးရေပေါင်း(၃၄၆) ဦးရှိကာ တစ် အိမ်ထောင်လျှင် ပျှမ်းမျှ(၅.၆) ဦးနှုန်းရှိသည်။ကျေးရွာတွင် ရှမ်းလူမျိုးများ နေထိုင်ကြပြီး အလုပ် လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၂.၁%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့်လျော့နည်းသည်။ဆင်းရဲချမ်းသာ အဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၂၆%သည်ဆင်းရဲနှင့်၁၇.၅% အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး၉.၅% သည် ချမ်းသာသည့်အဆင့် ၃၀% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု ၊လက်လှမ်းမှီမှု၊လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့်ရေသွင်းစိုက်ပျိုးနိုင်မှုကြောင့် ကျေးရွာအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ချမ်းသာသော လယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာ အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့်အဆင်ပြေကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီ၊သစ်ခွဲစက်၊တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၆၀.၅% ဖြစ်သော(၃၇)စုကို လေ့လာဆန်းစစ် မှုအရ ယင်းတို့၏ အနည်းစုမှာ သူတပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊၁၇%ခန့်မှာ သူ တပါးထံမှ မချေးငှားဘဲ သုံးလခန့်စားသုံးနိုင်ကြောင်း ၊၄၃% မှာ ၆လမှ၁၂လခန့် သူတပါးထံမှ ချေးငှား စရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ် ထောင်စု အားလုံးသည်အကြွေးငွေ ၂၀၀၀၀၀၀ကျပ်မှ၅၀၀၀၀၀၀၀ကျပ်ထိ တင်ရှိနေကြသည်။

အိမ်ထောင်စု အားလုံး၏ ၁၁% ခန့်သည် အမျိုးသမီး ဦးဆောင်အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။အလားတူ အိမ်ထောင်စုဦးစီးက ရွာပြင်ပတွင် သွားရောက် အလုပ်လုပ်နေကြသော အိမ်ထောင်စုများနှင့် မုဆိုးဖို၊တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု(၁၀)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၁) ဦးနှင့်မိသားစု စောင့်ရှောက်မှုနည်းသူများဖြစ်သည့် ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လုပ်ငယ်လူရွယ်များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများ၊အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရယ်တို့ ရှိတတ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ကလေးငယ် အများစုလည်း ကျန်းမာကြသည်။သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျား ရောဂါမှာ ယခုနှစ်ပိုင်း ပိုမိုဖြစ်ပွားမှုရှိကြောင်း တွေ့ရသည်။အမျိုးသမီး ၊လူငယ်လူရွယ်၊သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ကျေးရွာသား များအနေဖြင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်း ရရှိနိုင်ပြီး ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်သော မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။ကျေးရွာ တွင် တွင်းရေကို အလွယ်တကူ ရရှိနိုင်ပြီး ဝမ်းပျက်၊ဝမ်းလျှော်၊တိုက်ဖွိုက်၊အစာအိမ် စသော ရောဂါ ဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရသည်။ရွာသားအများ စုသည် အခြေခံအရေးအဖတ် အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့် များပြားသည်။ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊အလယ်တန်း၊အထက်တန်း ကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်သည်။သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု များမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မရေးရာ ဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းအရ ကောင်းမွန်စွာ သတ်မှတ်ထားသည်။ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲ ခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့် လုပ်အား သဘာဝနှင့်အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ် အားလျော့နည်းပြီး ရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန် လျော့နည်းလျက်ရှိသည်။ကျား-မ တန်းတူ ညီမျှမှုနှင့်ပတ်သက်၍ အသိပေးခြင်းများမြှင့်တင်ဆောင် ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုအတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်သည်။

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၂)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့တို့ ရှိသည်။ကျေးရွာရှိ အဖွဲ့အစည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်ပဲငပိကို အဓိကထား စိုက်ပျိုးကြသည်။မိုးစပါးစိုက်ဧက(၁၅၄) ရှိပြီး ပဲငပိ (၁၃၀) ဧက စိုက်ပျိုးကြသည်။မိုးစပါး ပျမ်းမျှအထွက်မှာ(၉၀)တင်း၊ပဲငပိ(၂၀)တင်းနှုန်းတို့ ထွက်ရှိကြ သည်။စိုက်ပျိုးရေးဦးစီးဌာန နည်းပညာများ ရရှိနိုင်ပြီး စိုက်ပျိုးရေး ပစ္စည်းအရောင်းဆိုင်များမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုပေးသည်။တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှု မညီမျှ မှု ရင်ဆိုင်ရတတ်သည်။ပဲငပိ စိုက်ခင်းများတွင်ဖျက်ပိုးကျရောက်မှု အနည်းငယ်တွေ့ရတတ်သည်။

(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာ နေ့စားအလုပ် များ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့် အတင့်အနေအထားတွင်ရှိသည်။လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ် အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်း ပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား
အလာကောင်းတစ်ရပ်ဖြစ်သည်။အပ်ချုပ်၊ဆံပင်အလှပြင်၊မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ဝပ်လျော့ စသည်တို့သည် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သော်လည်း ရွာသား အများစုမှာ
အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည် အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်ကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ချေ။ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊စက်ပြင် စသော သင်တန်းများသို့ အခကြေးငွေအကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ပဲငပိစိုက်ပျိုးခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့်ဓါတုမြေဩဇာသုံးစွဲမှုများရှိတတ်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ် အစားဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင် ရာ အသိပညာပေးလုပ်ငန်းများမြင့်တင်ဆောင်ရွက်ပေးသင့်သည်။

အားပျော့သော မုန်တိုင်းဝင်ရောက်မှုလည်း တခါတရံကြုံတွေ့ရတတ်သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် အစို:ရဘဏ် စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ငွေကို တစ်လ အတိုးနှုန်း ၆ကျပ်တိုး၊တစ်ဧက ၁၅၀၀၀၀ ကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧကအတွက် ချေးယူ နိုင်ကြသည်။ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်းမရှိပါ။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့အတွက်အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ် ခဲ့ချက်အရ ပါဝင်သောဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအားလုံးသည်အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀၀ကျပ်မှ၅၀၀၀၀၀ ကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းနှင့်အလယ်တန်းကို ၆၀ ပေ၊၃၀ပေ၊၁၂ ပေ အရွယ်ရှိသွပ်မိုး၊အုတ် နံရံကာနှင့်အင်္ဂတေ အခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ရွာသားအားလုံးမှာ ရေးတတ်ဖတ် တတ်ကြသည်။မူလတန်းအောင် ရာခိုင်နှုန်းလည်း မြင့်မားသည်။မူလတန်းတွင် ၉ နှစ်ဝန်းကျင်နှင့် အနီးရပ်ကွက်မှ ကျောင်းသားများလည်း တက်ရောက်ကြသည်။ကျောင်းတွင် ပရိဘောဂ အနည်းငယ် လိုအပ်မှုရှိပြီး မူလတန်း ဆရာမ(၄) ဦးရှိသည်။ကျောင်းတွင် ဆရာတပည့်ဆရာအချိုးသည် မူလတန်း တွင်(၇း၁) ရှိသဖြင့် ကျောင်းဆရာမ အင်အားလုံလောက်မှုရှိသည်။လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေး ခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသည်။ဆရ လက်မှတ်ရ ဆရာဝန် လင်မယားထိုင်သော ပုဂ္ဂလိကဆေးခန်းတစ်ခုလည်း ဖွင့်လှစ်ထားသဖြင့် ရွာသူရွာသားများအတွက် ကျန်းမာရေး ဝန်ဆောင်မှုလက်လှမ်းမီသည်။မိုးညှင်းမြို့သည် လျှပ်စစ်မီးရသော မြို့ဖြစ်သည့် အလျောက်အအေးခန်းဖြင့် သိုလှောင်ရန် လိုအပ်သောဆေးများအတွက် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။

သောက်ရေအတွက် တွင်းရေမှ အလုံအလောက်ရရှိသည်။ချမ်းသာသော အိမ်ထောင်စု များက အိမ်သာကျင်းတို့ အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင် ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်အများအတွက် အပန်းဖြေအနားယူ နိုင်မည့် အနေအထား သီးသန့်မရှိပေ။သူတို့သည် ကျေးရွာလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင် လည်းရိုးရယအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင် ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော်ဆောင်ခြင်း မရှိသေးချေ။

(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြုမောင်းနှင် ကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၆၉)စီး နှင့်စက်ဘီး(၁၂)စီး၊ထော်လာဂျီ ၁၀ စီးနှင့်ကား(၃)စီး တို့ကို အသုံးပြုလျက်ရှိသည်။

ကျေးရွာရှိ လျှပ်စစ်မီးကို ၂၀၁၆ ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံး၏ ၇၃.၇% ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီး ဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက် သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြ သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ရွာသားများသည် သတင်းစာ၊ဂျာနယ်တို့ကို လည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီးကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုချက်ပြုတ်ခြင်း၊ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်၊ အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၈%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြ သည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါ မည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့်ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်သည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်းရသော ဆေးဝါးကုသလိုမှုအတွက်လည်း မိုးညှင်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေး ကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝ အရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။မိုးရွာသွန်းမှုမှာ စပါးနှင့် အခြားသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာသည် အခြားမြို့ကြီးများသို့ ကတ္တရာလမ်း၊ရထားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်သီးနှံများကိုအချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်

အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုမှု အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားထုတ်ရပေမည်။

ပဲငပိ စိုက်ခင်းတွင် တခါတရံ ဖျက်ပိုးများကျရောက်ခြင်း တွေ့ရတတ်သည်။တောင်သူများအနေနှင့်ပဲငပိစိုက်ခင်းနှင့် အခြားဟင်းရွက်စိမ်းများအတွက်ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေး အတွက် အထောက်အပံ့များရရှိရန်လိုအပ်သည်။ကျေးရွာတွင် ငွေတိုးငွေချေးသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ချေးငွေလိုသော အိမ်ထောင်စုများမှာ ငွေချေးရန် စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာတွင်လည်း အခက်အခဲများ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေသည်။ဒေသတွင်လည်း အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း ၊တတ်သိပညာ၊ အထိအတွေ့တို့ အားနည်းနေသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊အလုပ်အကိုင်များ ဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့်
ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ် ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြခဲ့သော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေအတွက် မြို့နယ်ရှိဘဏ်များ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချပေးထားမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်။သင်တန်းတက်သူများကတဖန် ကျေးရွာတွင်

ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေလုပ်ငန်းများ၊ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ် ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်းခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်း ဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ကျောင်းဝင်ပေါက် တံတားနှင့်ကျောင်းပရိဘောဂ လိုအပ်ချက်များ ပြီးပြည့်စုံအောင်ဆောင်ရွက်မည်။ကျောင်းတွင် ဝန်ထမ်းဆောင် တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကျောင်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်တို့ ပိုမို လွယ်ကူအောင် ဆောင်ရွက်မည်။ပညာရေးဌာနနှင့်ချိတ်ဆက်ပြီး ကျောင်းအတွင်း ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မ ခန့်ထားနိုင်ရေးအတွက်ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာအဆောက်အအုံများ ဆောက်လုပ်ကာ တိုးတက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲမှု ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားမည်။ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ၊အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရ ဌာနဆိုင်ရာများ နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ

ပြုစုဖော်ပြပေးထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်မှတဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာ်အထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်မှ အစိုးရမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်ုပ်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှု များကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည်အချက်မှာ ကျေးရွာဖွံ့ဖြိုးရေး အတွက် လိုအပ်သည့် ပံ့ပိုးမှု ငွေကြေးကူညီမှုတို့ မကြာမီရရှိရန်ဖြစ်သည်။

(ခ) စိုက်ပျိုးရေး

ကျေးရွာတွင် စပါးအပြင်၊ပဲငပိကိုလည်း စိုက်ပျိုးကြသည်။အခြားဟင်းသီးဟင်းရွက်လည်း စိုက်ပျိုးကြသေးသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျခြင်းသည် အဓိက ပြဿနာဖြစ်ပြီး ဖျက် ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နှင်းရေးအတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံ အပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) **ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက် လိုအပ် သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားများသည် စိုက်ပျိုး ရေးအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမ အသင်းဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သောရွာသား များအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) **ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးနိုင်မည့် အလားအလာရှိပြီး အလုပ် အကိုင်နှင့်အမြတ်အစွန်းရရှိရန်အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါ သည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ၊စီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်းအချက် အလက်များ လက်လှမ်းမီမှုတွင်အားနည်းသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှုလက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်တော်တို့ ကျေးရွာ မှအသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များယခုအခါ အဆင်သင့် မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး၊မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ် နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်သည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် တချို့နှင့်တိုးချဲ့ပညာရေးဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး ၊မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ် သော စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လုံ လောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

(င) **ကျေးလက်စျေးဆောက်လုပ်ရေး**

ကျေးရွာတွင် သီးသန့်ဆိုင်ခန်းဟူ၍ မရှိပေ။မနက်ခင်းတိုင်း ဘီလူးမြို့ဘုရားကြီးစျေးမှ စည် ကားစွာရောင်းဝယ်နိုင်သည်။မနက်ခင်းစျေးတစ်ခုသာရှိသည်။မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများက ရေ၊သန့်ရှင်းရေးစနစ်နှင့်လမ်းတို့စနစ်တကျပါဝင်သည့် စျေး၊အဆောက်အဦးတစ်ခုအဖြစ်သို့ ပြောင်းလဲတည်ဆောက်ပေးရန်လိုအပ်သည်။ကျွန်တော်တို့ကျေးရွာအပြင်၊ဘီလူးမြို့အုပ်စု အနီး ပတ် ဝန်းကျင်မှ ရွာသူရွာသားအချို့အတွက်လည်း အကျိုးခံစားမှုရရှိစေနိုင်သည်။

၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာစီမံချက် ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလ ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထု သည် နှစ်နှစ်၊သုံးနှစ်တာကာလ ၊စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ် တာကာလတစ်လျှောက်လုံးတွင် နောက်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင် ဘဲနောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ကို ဆောင်ရွက်သွားကြမည်။

(ခ) ကဏ္ဍာနှင့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များ စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ် ဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီး အုပ်စုဖွဲ့သည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းအလိုက်ဆောင်ရွက်ဖွယ်များကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှု ငွေလုံးငွေရင်းအသုံးစရိတ်၊စွမ်းဆောင်ရည်၊မြွင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ဝန်ကြီးဌာနများ၊ဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိ စေနိုင်သည်။

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍
စီမံကိန်းအုပ်စု သတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြွင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားသည်။ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေး အဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ပါသည်။အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါ သည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြောင်းလဲပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလ အပိုင်း အခြားများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်သည်။ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ နှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင်စီမံချက် ပြုစုရေးဆွဲရေး၊အကူအညီ များရရှိရန်လည်း လိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သော ထည့် ဝင်မှု ဥပမာ-လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန် စသည်)

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။အဖွဲ့ အစည်းအသီးသီးကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာ ကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ်ပူးပေါင်းရန်လိုအပ်မည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။လယ် သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ် ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူ အညီများရယူရပါမည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
၁။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ					
	ရွာတွင်းလမ်းမကောင်းခြင်း	၁၀၀	၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း	
၂။ ကျန်းမာရေးဆိုင်ရာများ					
	ကျန်းမာရေး	၉၆	၂	ကျန်းမာရေးပညာပေးသင်တန်း	
၃။ မွေးမြူရေးနှင့်ငါးလုပ်ငန်း/မွေးမြူရေးဆေးပညာ					
	မွေးမြူရေး	၆၇	၃	မွေးမြူရေးနည်းပညာပေးသင်တန်း	
၄။ စိုက်ပျိုးရေး					
	စိုက်ပျိုးရေး	၆၁	၄	စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်လှစ်ရန်	
၅။ ငွေကြေး					
	ငွေကြေး	၅၉	၅	ငွေကြေးအားနည်းခြင်း	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း	၁	———	———	———	———	———
၂။ကျန်းမာရေးပညာပေးသင်တန်း	၂	———	———	———		
၃။မွေးမြူရေးနည်းပညာပေးသင်တန်း	၃	———	———	———		
၄။စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်လှစ်ရန်	၄	———	———	———		
၅။ငွေကြေးအားနည်းခြင်း	၅			———	———	———

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျတ်

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊

- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကို တည်ဆောက်ရ ပါမည်။

ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်		၃	၃	၀.၈၆%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၁၆	၁၆	၃၂	၉.၂၄%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၁၂	၁၀	၂၂	၆.၃၅%
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၉	၂၃	၄၂	၁၂.၁၃%
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၄	၁၁၁	၂၁၅	၆၂.၁၃%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၂၂	၃၂	၉.၂၄%
စုစုပေါင်း လူဦးရေ-		**၁၆၁**	**၁၈၅**	**၃၄၆**	**၁၀၀%**
စုစုပေါင်း အိမ်ထောင်စု - ၆၁		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅.၆ ဦး**			

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၆၁)စုမှလူဦးရေပေါင်း(၃၄၆) (ကျား

၁၆၁+ မ ၁၈၅) ဦးရှိသည်။တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ ၅.၆ ရှိသဖြင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ် အိမ်ထောင်ပျမ်းမျှ လူဦးရေ တိုးပွားမှု ၅ ယောက်နှုန်းထက် အနည်းငယ်ပို လျက်ရှိသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ ၂၁၅ ဦး(၆၂.၁%) ရှိပြီး ၊မှီခိုသူဦးရေမှာ ၁၃၁(၃၇.၉%)သာရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာအသင့်အတင့် ရှိသည်ကိုတွေ့ရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၂၈	၄၅.၉	၁၇		တောင်ယာနှင့်လယ်
	အလုပ်သမား၊ ကျပန်း၊ အငှား ရာသီအလိုက် အလုပ်သမား	၇		၁	၂၄	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁				အနည်းငယ်မွေးမြူသည်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၄.၉	၂		သဲ၊ကျောက်အရောင်း အဝယ် သတ္တုတူးဖော်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၄	၆.၆			ဈေးဆိုင်နှင့် အရောင်းအဝယ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၂	အင်္ဂါးကားမောင်း
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ အင်္ဂါ ရာသီအလိုက် အလုပ်သမား					
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၉	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	၁၈	၂၉.၅			ရာသီအလိုက် အလုပ်သမား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၂၀	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	စုစုပေါင်း	၆၁				

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သော်လည်း အိမ်ထောင်စုပေါင်း(၆၁)စုအနက်(၂၈)အိမ်သာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။အခြားစီးပွားရေးလုပ်ငန်းများမှာ
မွေးမြူရေး၊သဲကျောက်လုပ်ငန်း၊လက်သမားလုပ်ငန်း၊ စျေးဆိုင် အရောင်းအဝယ်နှင့် ရာသီအလိုက် ကျပန်း အလုပ်သမားများဖြစ်ကြသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၅၀၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စာ					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
		်း					
၆	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	နေ့စာ ်း	၆၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စာ ်း					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စာ ်း	၃၀၀၀	၂၀၀၀	၂၅၀၀	၂၀၀၀	
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စာ ်း					
၁၀	ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း	နေ့စာ ်း					

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက်
(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)
(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား၃မျိုးရှိသည်ကိုတွေ့ရ သည်။လယ်ယာလုပ်ငန်းတွင် အမျိုးသားအများဆုံးလုပ်ခမှာ ၇၀၀၀ကျပ်နှင့်အနည်းဆုံးလုပ်ခမှာ ၅၀၀၀ ကျပ်ဖြစ်သည်။အမျိုးသမီးအများဆုံးလုပ်ခမှာ ၅၀၀၀ကျပ်ဖြစ်ပြီးအနည်းဆုံးလုပ်ခမှာ၃၀၀၀ကျပ်ဖြစ်ပါ သည်။ဆောက်လုပ်ရေး ပန်းရံ၊လက်သမားလုပ်ငန်းတွင်အမျိုးသားအများဆုံးလုပ်ခမှာ ၆၀၀၀ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ၅၀၀၀ကျပ်ဖြစ်သည်။အမျိုးသမီးအများဆုံးလုပ်ခမှာ ၅၀၀၀ကျပ်ဖြစ်ပြီးအနည်းဆုံး လုပ်ခမှာ ၃၀၀၀ကျပ်ဖြစ်ပါသည်။ဤလုပ်ငန်းအားလုံးတွင် အလုပ်ချိန်နှင့်လုပ်အားစိုက်ထုတ်မှု၊ပင်ပန်းမှု ချင်းတူသော်လည်း လုပ်အားခအနေဖြင့် ကျား/မ ခွဲခြားမှု မမျှတမှုရှိသည်ကိုတွေ့ရပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၅၄	သင့်	မရ	ချောင်းရေ
ယာမြေ /တောင်ယာ	၆၆	သင့်	မရ	ချောင်းရေနှင့်မိုးရေ
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာ မြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
အခြား				
စုစုပေါင်း	၂၂၀			

ရင်းမြစ် .(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ ၁၅၄ဧက၊တောင်ယာမြေ ၆၆ဧကနှင့် နှစ်ရှည်သီးနှံစိုက်ခင်း ၄ ဧကရှိပြီး စုစုပေါင်းစိုက်ပျိုးမြေမှာ ၂၂၀ဧကရှိသည်။စိုက်ပျိုးမြေအားလုံး၏ မြေအရည်အသွေးမှာ အသင့်အတင့်ရှိပြီး အားကိုးစိုက်ပျိုးကြရသည်။ကျေးရွာ၏အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးနှင့်ပဲငပိဖြစ်သည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	သင့်	လက်လှမ်းမီ
အခြား ရင်းမြစ်များ	မရှိ	ခက်
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	နည်း	လက်လှမ်းမမီ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လက်လှမ်းမီ

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝရင်းမြစ်အနေဖြင့် ထင်းမီးသွေး ရရှိနိုင်မှု အသင့်

အတင့်ရှိပြီး လက်လှမ်းမီမှုနည်းပါသည်။သဘာဝပေါက်ပင်အနေဖြင့် ထောက်ကြန့်၊တယော်ပင်၊ပျဉ်းကတိုး၊ကျွန်း စသည်တို့ရှိသော်လည်း တဖြည်းဖြည်းရှားပါးလာသဖြင့် လက်လှမ်းမီမှုနည်းပါးသည်။ရရှိနိုင်မှု ခက်ခဲသည်။သစ်၊ဝါး အခြေခံ ကုန်ချောထုတ်လုပ်ရန် ကျွမ်းကျင်မှုအားနည်းသည်။အခြားရင်းမြစ်များ အနေဖြင့် ဆောက်လုပ်ရေးအတွက် အသုံးဝင်သော သဲ၊ကျောက် ကို အလုံအလောက်ရရှိနိုင်သည်။ သဘာဝဆေးဖက်ဝင်အနေဖြင့် ဝံအူမြစ်၊ဆင်တုံးမန္တယ်၊သရင်းကြီးမြစ်စသည်တို့ အလုံအလောက်ထွက်ရှိ သော်လည်း ၎င်းသဘာဝအရင်းအမြစ်များကို ဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်ရန် ဗဟုသုတနှင့်နည်းပညာ အားနည်းနေကြသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ဧကအထက်	၃ဧကအထက်	၃ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	တိုက်၊သွပ်မိုး	တိုက်၊သွပ်မိုး	သွပ်မိုး၊ဝါးထရံကာ	သက်ကယ်မိုး၊ဝါးကြမ်းခင်း
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ထွန်စက်၊ထော်လာဂျီ၊ကား၊ရေစုပ်စက်	ထွန်စက်၊ထော်လာဂျီ၊ရေစုပ်စက်	ခိုင်းနွား၊ပေါက်တူး၊တူ၊ခြင်းတောင်း	ပေါက်ပြား၊တူ၊ခြင်းတောင်း
ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ်၊ဖုန်း၊ရေခဲသေတ္တာ	ကား၊ဆိုင်ကယ်၊ဖုန်း၊ရေခဲ သေတ္တာ၊ပန်ကာ၊ဆိုလာ	ဆိုင်ကယ်၊ဖုန်း၊စက်ဘီး	စက်ဘီး၊ဖုန်း
အဓိကစီးပွားရေးလုပ်ငန်း	အရောင်းအဝယ်၊စျေးဆိုင်	အရောင်းအဝယ်၊စျေးဆိုင်	ကျပန်း၊စက်ချုပ်	ကျပန်း၊မြေယာမဲ့
အခြားပိုင်ဆိုင်မှု	စားသောက်ဆိုင်			
အိမ်ထောင်စု -	၆(၉.၅%)	၁၈ (၃၀%)	၂၆(၄၃%)	၁၁(၁၇.၅%)

ရင်းမြစ် ..(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ဥစ္စာဓန အဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊လုပ်ငန်းသုံးကရိယာ ပိုင်ဆိုင်မှု၊ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့်အိမ်အခြေအနေသည် အရေးပါ သည်ကိုတွေ့ရသည်။ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့်သတ်မှထားသည်ကိုတွေ့ရသည်။ အဆင်ပြေသော အိမ်ထောင်စု ၆ အိမ်(၉.၅%) ၊ အလယ်အလတ်အဆင့် အိမ်ထောင်စု ၁၈အိမ်(၃၀%) ၊ ဆင်းရဲသော အိမ်ထောင်စုအိမ် ၆ အိမ်(၄၃%)နှင့်အဆင်းရဲဆုံးအိမ်ထောင်စုများမှာ အရေအတွက်များ သော်လည်း

ပိုင်ဆိုင်မှုအလွန်နည်းပြီး မြေယာမဲ့ကျပန်းများ၊ဆင်းရဲသားတောင်သူများနှင့်တောင်သူငယ်များဖြစ်သည်ကိုတွေ့ကြရသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၃		ငွေချေးခြင်း၊ထောက်ပံ့လှူဒါန်းမှုရရှိခြင်း
၃ လနှင့် ၅ လ အထိ	၆		ငွေချေးခြင်း
၆လ မှ ၁၂ လ အထိ	၁		ငွေချေးခြင်း

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ အဆင့်၃မှ ၂၆ အိမ်နှင့်အဆင့်(၄)မှ ၁၁ အိမ်စုစုပေါင်း ၃၇ အိမ်၊ကျေးရွာတွင် အဆင့် ၃ မိသားစု၏ (၂၆)အိမ်နှင့်အဆင့်၄ မိသားစု၏ ၁၁ အိမ် စုစုပေါင်း(၃၇)အိမ်၊အိမ်ထောင်စုအား စိစစ်ကြည့်ရာတွင်ကျေးရွာတွင် ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည်။အိမ်ထောင်စုများမှာ ၃လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စု ၃ အိမ်ရှိပြီး လုပ်အားခ ကြိုယူခြင်း၊ဈေးဆိုင်များတွင် အကြွေးယူစားပြီးပြန်လည်ဆပ်ခြင်းဖြင့် ဖြေရှင်းကြရသည်။၎င်းမိသားစုများမှာ ငွေနှင့်ရိက္ခာတို့ကို အတိုးနှုန်းကြီးစွာဖြင့် ချေးယူကြရပြီး လုပ်အားဖြင့် ပြန်လည်ပေးဆပ်ကြရသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင် စု ၇ အိမ်ထောင်စု၊အိမ်ထောင်စု၊ဆင်းရဲ၍ မိသားစုဦးရေများသည် မုဆိုးဖို ဦးဆောင်အိမ်ထောင်စု ၄ အိမ် ထောင်စုနှင့်အခြားဒေသတို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု ရှိပြီး ၎င်းတို့သည် ထိခိုက်လွယ်မှုမြင့်သည်။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	
၂	သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	လတ်	စိုက်ပျိုးရေအသင့်အတင့်ရ၊စိုက်ပျိုးမြေ တိုးချဲ့ရန်မရှိ။
၃	ရေကြီးခြင်း	မြင့်	မြေနိမ့်ဒေသဖြစ်နေသောကြောင့်
၄	မိုးခေါင်ခြင်း	လတ်	နှစ်အလိုက်ဖြစ်လေ့ဖြစ်ထရှိ
၅	အအေးလွန်ကဲခြင်း	နိမ့်	ဖြစ်လေ့ဖြစ်ထမရှိ
၆	မုန်တိုင်း	နိမ့်	ဆိုးဆိုးရွားရွားဖြစ်ပေါ်လေ့မရှိ။
၇	ငလျင်	နိမ့်	တခါတလေဖြစ်လေ့ဖြစ်ထရှိသည်။
၈	မီးဘေး	လတ်	အချိန်မရွေးကျရောက်နိုင်
၉	ဆားငန်ရေဝင်မြေ	နိမ့်	ပင်လယ်နှင့်နီးစပ်မှုမရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့်	သစ်တောပြုန်းတီးမှုနှင့်ရေကြီးခြင်း ကြောင့်
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	သစ်ထုတ်လုပ်မှုများသည်။
၁၂	ငှက်ဖျားရောဂါ	လတ်	ငှက်ဖျားဓုန်အတွင်းတည်ရှိသည်။
၁၃	တီဘီရောဂါ	နိမ့်	ဖြစ်လေ့ဖြစ်ထမရှိ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိ	ဖြစ်လေ့ဖြစ်ထမရှိ
၁၅	ပြည်တွင်း ပဋိပက္ခ	နိမ့်	ဖြစ်လေ့ဖြစ်ထမရှိ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်	ရာသီအလိုက်ရောဂါဆိုးရွားစွာ ကျရောက်လေ့ရှိသည်။
၁၇	လူကုန်ကူးခြင်း	နိမ့်	မရှိ
၁၈	ဝေးလံခေါင်သီ/လမ်းပန်း	နိမ့်	လမ်းပန်းဆက်သွယ်ရေးကောင်းပြီး

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
	ဆက်သွယ်ရေးခက်ခဲ စသည်		တစ် နှစ်ပတ်လုံးအချိန်မရေးသွားလာနိုင်သည်
၁၉	အခြား		

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေတွင် ရေကြီးခြင်း၊မြေပြို ခြင်း၊မြေဆီလွှာပျက်ယွင်းမှု၊တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှုတို့တွင် ထိခိုက်လွယ်မှုမြင့်သည်။သဘာ ဝ ရင်းမြစ်ရှားပါးမှု၊မိုးခေါင်ခြင်း၊မီးဘေး၊ငှက်ဖျားရောဂါဖြစ်ပွားမှုတို့တွင် အလယ်အလတ်ဖြစ်သည်။မုန် တိုင်းဝင်ရောက်မှု၊ငလျင်ဖြစ်ပွားမှု၊ဆားငန်ရေဝင်မှုတို့တွင်ထိခိုက်လွယ်မှု နိမ့်သည်။တိဘီရောဂါဖြစ်ပွားမှု၊ ပြည်တွင်းပဋိပက္ခ၊လူကုန်ကူးခြင်း၊ဝေးလံခေါင်သီ၊လမ်းပန်းဆက်သွယ်ရေးခက်ခဲသည်တို့တွင်လည်း ထိခိုက်လွယ်မှုနိမ့်သည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) **ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးသုံးစွဲသူများသည်။
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	မိသားစုများပြီး ဝင်ငွေနည်း သည်။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	ပုံမှနအလုပ်အကိုင်မရှိ၊ ဝင်ငွေနည်းသည်။
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်	ရေချောင်းအနီးတွင်ရှိသော ကြောင့်ရေကြီးခြင်း အန္တရာယ်ကိုစိုးရိမ်ရသည်။
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မရှိ	
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ	လတ်	
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP)	မရှိ	

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မရှိ	
၉	ငါးကန်ပိုင်ရှင်	မရှိ	
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	လုပ်အားခနည်းသည်။ပုံမှန်အလုပ်အကိုင်မရှိ
၁၁	လူနည်းစုလူမျိုးများ	မရှိ	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	မရှိ	
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မရှိ	
၁၄	ရွှေတွင်းလုပ်သား	မရှိ	
၁၅	ဆေးစွဲသူများ	မြင့်	အလွယ်တကူဝယ်ယူသုံးစွဲနိုင်ကြသည်။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မြင့်	အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်မှုဖြစ်နိုင်ခြေများသည်။
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့်	ထိခိုက်မှုအန္တရာယ်များသည်။
၁၈	နေရပ်ပြန် အခြေချသူများ	မရှိ	
၁၉	ရွှေပြောင်းလုပ်သားများ	မြင့်	မိသားစုဝင်ငွေအတွက် အဝေးသို့သွားရောက်အလုပ်လုပ်ကိုင်ကြရသည်။
၂၀	ကားသမား	မြင့်	အချိန်မရွေးယာဉ်အန္တရာယ်ရှိသည်။
၂၁	အခြား		

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုခံရနိုင်သောလူအုပ်စုများတွင်လည်း လူငယ်အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုလက်လုပ်လက်စားကျပန်း၊ဆေးစွဲသူများ၊လှည့်လည်သွားလာ၍ စျေးရောင်းသူများ ရွှေပြောင်းလုပ်သားများနှင့်ကားသမားများသည် ထိခိုက်လွယ်မှုမြင့်သည်။လူငယ်များသည်မိသားစုဝင်ငွေအတွက် အဓိက အလုပ်အကိုင်ရှာဖွေရသူများဖြစ်သဖြင့်လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊မိသားစုနှင့်အဝေးတွင် သွားရောက်အလုပ်လုပ်ကိုင်ကြရသောကြောင့် ကူးစက်ရောဂါများကူးစက်နိုင်ခြေများခြင်း၊အနိုင်ကျင့်ခံရနိုင်ခြင်း၊လူကုန်ကူးခံရနိုင်ခြင်း၊ဆိုင်ကယ်အသုံးပြုမှုများ သဖြင့် ယာဉ်တိုက်မှုမတော်တဆဖြစ်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ဆေးသုံးစွဲသူများအနေဖြင့်လည်း

ဝင်ငွေနည်းပါးခြင်း၊ဆေးဖိုးကုန်ကျစရိတ်များခြင်း၊ဆေးဝါးသုံးစွဲမှုအနည်းငယ်ရှိသောကြောင့် ရာဇဝတ်မှု ကို အလွယ်တကူ ချိုးဖောက်မှုဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် ထိခိုက်လွယ်မှုမြင့်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	လူပျိုခေါင်း	၂	၂		၂	လူမှုရေး	၄	၆
၂	အပျိုခေါင်း	၂		၂	၂	လူမှုရေး	၄	၆
၃	ဂေါပက	၃	၂		၂	ဘာသာရေး	၄	၆
၄								
၅								
၆								
၇								
၈								

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်း(၃)ဖွဲ့သာရှိသည်။လူပျိုခေါင်းအဖွဲ့၊ အပျိုခေါင်းအဖွဲ့၊ဂေါပကအဖွဲ့တို့ဖြစ်သည်။

(၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁			
၂			
၃			
၄			
၅			
၆			

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။ ။ **ကျေးရွာဖွံ့ဖြိုရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း လုံးဝဖွဲ့စည်းထားခြင်းမရှိပါ။**ကျေးရွာသည် ပြင်ပ ဖွံ့ဖြိုးရေးဖွဲ့စည်းရန် အားနည်းသည်ကိုတွေ့ရသည်။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား:	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၇	၆၀.၇%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်			ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွဲ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၃	၂.၅ ဧကမှ ၅ ဧကထိ	၅	၈.၂%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၄	၂၂.၉%	အလယ်အလတ်စား တောင်သူ
၅	၁၂.၅ ဧက အထက်	၅	၈.၂%	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၆၁	၁၀၀%	

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမဲ့ ၃၈ အိမ်ထောင်စု ၆၀.၇% ၊၂.၅ဧကနှင့်၅ဧကကြား ပိုင်ဆိုင်သူ တောင်သူငယ် ၅ အိမ်ထောင်စု(၈.၂%) ၊ ၅ဧကနှင့်၁၂.၅ ဧကအကြားပိုင်ဆိုင်သူ အလယ်အလတ်စားတောင်သူ ၁၄ အိမ်ထောင်စု(၂၂.၉%)နှင့်၁၂.၅ ဧကအထက် ပိုင်ဆိုင်သူ တောင်သူကြီး ၅ အိမ်ထောင်စု(၈.၂%) ရှိသည်ကိုတွေ့ရသည်။တောင်သူကြီးအရေအတွက်မှာ ၅ အိမ်သာရှိသော်လည်း စိုက်ပျိုးမြေများကို ၎င်းလူနည်းစုမှ ပိုင်ဆိုင်နေကြောင်းတွေ့ရသည်။ကျန်မြေယာမဲ့ ဆင်းရဲသားတောင်သူ၊ တောင်သူငယ်မိသားစုတို့မှာ တောင်သူကြီးများထံတွင် အငှားလုပ်ကိုင်ကြသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	ရင်းမြစ်	အစိုးရ/ပုဂ္ဂလိက	ရေသောက်ဧက	ရှိ/မရှိနိုင်မှု	
				တန္နစ်ပတ်လုံး/ ရာသီအလိုက်	လုံလောက်မှု (ရှိ/မရှိ)
၁	ဆည်				
၂	ရေလွဲဆည်				
၃	မြစ်ရေတင်စီမံကိန်း				
၄	အဝီစိတွင်း				
၅	လက်ငင် ရေတွင်း				
၆	စိမ့်စမ်းရေ	သဘာဝ	၃၄ဧက	တစ်နှစ်ပတ်လုံး	ရှိ
၇	ချောင်းရေ	သဘာဝ	၁၂၀	ရာသီအလိုက်	ရှိ
၈	အခြား				

ရင်းမြစ် ...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေစုစုပေါင်း ၁၅၄ ဧကရှိသော်လည်းဂင်းတို့အနက် စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိပြီး၊အခြား၃၄ဧကကို စိမ့်စမ်းရေမှ တစ်နှစ်ပတ်လုံး

စိုက်ပျိုးရေ ရရှိပြီး၊ အခြား ၁၂၀ ဧကမှာ ချောင်းရေမှ စိုက်ပျိုးရေရရှိသည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	သီးနှံထွက်မှု				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၅၄	တင်း	၇၀	၁၀၀	၉၀	ဇူလိုင်	နိုဝင်ဘာ	လတ်	မြင့်	
ပဲငပိ	၁၃၀	တင်း	၁၅	၂၅	၂၀	ဒီဇင်ဘာ	မတ်	နိမ့်	မြင့်	

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ပဲငပိဖြစ်သည်။စိုက်ပျိုးမြေ စုစုပေါင်း ၁၅၄ဧကဖြစ်ပြီး ဇွန်၊ဇူလိုင်လတွင် စပါးစတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ စပါးထွက်နှုန်းမှာ အများဆုံး ၁၀၀ တင်းမှ အနည်းဆုံး ၇၀တင်း၊တစ်ဧက ပျမ်းမျှထွက်နှုန်းမှာ ၉၀တင်း ဖြစ်သည်။ပဲငပိ စိုက်ပျိုးမြေ စုစုပေါင်း ၁၃၀ ဧကဖြစ်ပြီး ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းကြသည်။ပဲငပိထွက်နှုန်းမှာ အများဆုံး ၂၅တင်းမှ အနည်းဆုံး ၁၅ တင်းတစ်ဧကဖြစ် ပျမ်းမျှထွက် နှုန်းမှာ ၂၀ တင်းဖြစ်သည်။

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်	မှတ်ချက်/အခြေအနေ
	တစ်ဦးချင်းပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေအတွက်	လယ်သမားဦးရေ	အရေအတွက်	လယ်သမားဦးရေ		
ထွန်စက်							
လက်တွန်းထွန်စက်	၂၀						
အစေ့ချ ကိရိယာ	၁						
ရိတ်သိမ်းခြွေလှေ့စ							

စက်အမျိုးအစား	ပိုင်ဆိုင်မှု					စက်ကိရိယာ ငှားရမ်းလုပ် ကိုင်နေသော တောင်သူ အရေအတွ က်	မှတ်ချက်/ အခြေအနေ
	တစ် ဦး ချင်း ပိုင်	အဖွဲ့ပိုင်		ရွာပိုင်			
		အရေ အတွ က်	လယ် သမား ဦးရေ	အရေ အတွ က်	လယ် သမား ဦးရေ		
ကံ							
ရိတ်သိမ်းစက်							
ခြွေလှေ့စက်	၃						
ရေစုပ်စက်	၁၂						
ခြေနင်းရေတင်စက်							
မြက်ရိတ်စက်	၁၇						
အခြား							

ရင်းမြစ်..(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်တွန်းထွန်စက် ၂၀ စင်း၊ရေစုပ်စက် ၁၂ ခုနှင့်၊မြက်ရိတ်စက် ၁၇ခုရှိပြီး တစ်ဦးချင်းပိုင်များသာဖြစ်သည်။လယ်ယာသုံးစက်ကိရိယာများမှာလည်း အသေးစားများ ဖြစ် သောကြောင့် တစ်ပိုင်တစ်နိုင်သာအသုံးပြုနိုင်ပြီး အငှားလိုက်လေ့မရှိကြပါ။ကျေးရွာအနေဖြင့် စက်ကရိ ယာလုံလောက်မှုမရှိကြပါ။

(၂.၂.၁.၅) **သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) **သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ)	**မြေဆီဩဇာအသင့်အတင့်**
ရေရင်းမြစ်	
သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေဩဇာ	**နွားချေးအလုံအလောက်ရရှိနိုင်သည်။**
အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး	**သုံးစွဲလေ့မရှိ၊ဗဟုသုတမရှိကြပါ။**
ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ	
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ	**မြန်မာစိုက်ပျိုးရေးမှနည်းပညာအနည်းငယ်ရရှိသည်။**
သွင်းအားစုဈေးကွက်	**မိုးညှင်းမြို့ရှိစိုက်ပျိုးရေးဆေးဆိုင်များတွင်လိုသလောက်ဝယ်ယူရရှိနိုင်**

အခြေအနေ	ဖော်ပြချက်/ရှင်းလင်းချက်
	သည်။
ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု	**စျေးကွက်အလုံအလောက်ရှိသည်။**
အခြား	

ရင်းမြစ် ..(၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေတိုးတက်မှုအခွင့်အလမ်းများမှာ ကျေးရွာရှိစိုက်ပျိုးမြေမှာ မြေဆီသြဇာအသင့်အတင့်ကောင်းမွန်ပြီး၊သဘာဝမြေဆွေးအနေဖြင့် နွားချေးအလုံအလောက်ရရှိနိုင်ကြသည်။ လိုအပ်သော သွင်းအားစုများကို စိုက်ပျိုးရေးဆေးဆိုင်များတွင် လိုသလောက် ဝယ်ယူရရှိနိုင်သည်။ စိုက်ပျိုးရေးထုတ်ကုန်များကို ရောင်းချရန်စျေးကွက် အလုံအလောက်ရှိသည်။

(၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) **သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာ	ဖော်ပြချက်/ရှင်းလင်းချက်
စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု	**စိုက်ပျိုးမြေတိုးချဲ့နိုင်ခြင်းမရှိပေ။**
မြေဆီသြဇာ အခြေအနေ	**ယာမြေများမှာ နှံးမြေဖြစ်၍ မြေဆီသြဇာကောင်းသည်။**
ငွေကြေးအရင်းအနှီးရရှိနိုင်မှု	**စိုက်ပျိုးစရိတ်ချေးငွေ ရနိုင်သည်။**
စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု	**အရင်းအနှီး မတတ်နိုင်သောကြောင့် သွင်းအားစုများကိုအချိန်မှီနှင့် အလုံအလောက် သုံးစွဲနိုင်ခြင်းမရှိပါ။**
လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ)	**အလုပ်လုပ်နိုင်သူများသော်လည်း ကျွမ်းကျင်မှုနည်းသည်။**
ရေရင်းမြစ်များ ရရှိနိုင်မှု	**ချောင်းရေ ၊မိုးရေမှ ရရှိသည်။**
စိုက်ပျိုးရေမလုံလောက်မှု	**ချောင်းရေမိုးရေမှ လုံလောက်စွာ ရနိုင်သည်။**
ဖျက်ပိုးနှင့် ရောဂါ	**ကျရောက်မှု အနည်းငယ်ရှိသည်။**
စျေးကွက် လက်လှမ်းမီမှု	**စျေးကွက်လက်လှမ်းမီသော်လည်း စျေးနှုန်းတည်ငြိမ်မှုရှိပါ။**
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	**နည်းပညာဝန်ဆောင်မှု လုံလောက်စွာမရကြပါ။**
အခြား	

ရင်းမြစ် ..(၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေများကို တိုးချဲ့ရန် မြေလွတ်မြေရိုင်းများရှိသော်လည်း လယ်ယာမြေ ဖော်ထုတ်ရန် အရင်းအနှီး မတတ်နိုင်ပေ။သွင်းအားစုများကို လိုသလောက်ဝယ်ယူနိုင်သော်လည်း အရင်း အနှီး မတတ်နိုင်သောကြောင့်

အချိန်မီနှင့်အလုံအလောက်မသုံးစွဲနိုင်ပေ။အလုပ်လုပ်နိုင်သူများသော် လည်း ကျွမ်းကျင်မှုနည်းသည်။နည်းပညာဝန်ဆောင်မှု လုံလောက်စွာ မရနိုင်ကြပေ။စျေးကွက် လက်လှမ်းမီသော်လည်း စျေးကောင်းမရ၊စျေးနှုန်းတည်ငြိမ်မှုရှိပါ။

(၂.၂.၂) မွေးမြူရေးလုပ်ငန်း

(၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	**အိမ်ထောင်စု**	**ကောင်ရေ**	**မှတ်ချက်/အခြေအနေ**
မွေးမြူရေး			
ခိုင်းနွား	၆၁	၆၅	ဆေးကုခအနည်းငယ်များတတ်သည်။
နို့စားနွား			
မြင်း			
ကျွဲ			
မြည်း			
လား			
ဆိတ်			
သိုး			
ဝက်			
ကြက်	၆၁	၂၀	စီးပွားဖြစ်မွေးမြူလေ့မရှိကြပါ။
ဘဲ	၆၁	၁၅	စီးပွားဖြစ်မွေးမြူလေ့မရှိကြပါ။
နွားနောက်			
အခြား			
ငါးလုပ်ငန်း			
ငါးကန်			
ပုဇွန်ကန်			
ဂဏန်းမွေးမြူရေးလုပ်ငန်း			
ရေချို ငါးဖမ်းလုပ်ငန်း			
ကမ်းလွန် ငါးဖမ်းလုပ်ငန်း			
အခြား			

ရင်းမြစ်..(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း** - **လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ ၂၂ အိမ်ထောင်စု(၃၆%)သာ မွေးမြူကြသည်။မွေးမြူထားသော အကောင်ရေ ခိုင်းနွား ၆၅ ကောင်၊ကြက် ၂၀ ကောင်၊ဘဲ ၁၅ ကောင်သာ မွေးမြူကြသည်။

(၂.၂.၂.၂) **မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၂၀) **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	
ရေရရှိမှု	**လုံလောက်မှုရှိသည်။**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**ဒေသတွင် ဆက်သွယ်ရရှိနိုင်သည်။**
ချေးငွေ	
သွင်းအားစုဈေးကွက်	**ကျေးရွာအတွင်း အလုံအလောက်ရနိုင်သည်။**
ဝန်ဆောင်မှုဈေးကွက်	
ထုတ်ကုန်ရောင်းဝယ်မှု	**ဈေးကွက် အလုံအလောက်ရှိသည်။**
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**လုံလောက်မှုရှိသည်။**
အခြား	
ငါးလုပ်ငန်း	
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	
ချေးငွေ	
သွင်းအားစု လက်လှမ်းမီမှု	
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	
ထုတ်ကုန်ရောင်းဝယ်မှု	
အခြား	

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးအတွက် ရေလုံလောက်မှုရှိသည်။မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို ဒေသတွင် ဆက်သွယ်ရရှိနိုင်သည်။မွေးမြူရေးအတွက် လိုအပ်သော သွင်းအားစုများကို အလုံအလောက်ရနိုင်သည်။ဒေသအတွင်း ရောင်းချရန် ဈေးကွက်အလုံအလောက်ရှိသည်။မွေးမြူရန် အိမ်ခြံဝန်းအလုံအလောက်ရှိသည်။

(၂.၂.၂.၃) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေရရှိနိုင်မှု	မရပါ
ကူးစက်ရောဂါဖြစ်ပွားမှု	နှစ်စဉ်ရာသီရောဂါများ အနည်းငယ်ကျရောက်သည်။
နည်းပညာ အကူအညီနှင့်	လုံလောက်မှုမရှိ။

ပြဿနာနှင့်စိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
နည်းလမ်းများ	
စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု	
အခြား	
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် ရရှိနိုင်မှု	
ချေးငွေရရှိနိုင်မှု	
အခြား	ငါးမွေးမြူရန်ရေမြေရှိသည်။

ရင်းမြစ် ...(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မွေးမြူရေးချေးငွေမရှိ။နှစ်စဉ်ရာသီရောဂါ ကျရောက်မှု အနည်းငယ်ရှိတတ်သည်။နည်းပညာနှင့်ဝန်ဆောင်မှုလည်း လုံလောက်မှုမရှိပါ။

(၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ် သမား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	၃		၂	မြင့်
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း				
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	၂			နိမ့်

စဉ်	**လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)**	**လုပ်ငန်း အရေအတွက်**	**ဝန်ထမ်း / အလုပ်သမား အရေအတွက်**	**မိသားစုဝင် လုပ်အား**	**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်**
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၄		၄	လတ်
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး				
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် **ဘေးကင်းလုံခြုံရေး**)				
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေးလုပ်ငန်းများ				
၁၆	အိမ်များတွင်				

စဉ်	**လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)**	**လုပ်ငန်း အရေအတွက်**	**ဝန်ထမ်း / အလုပ်သမား အရေအတွက်**	**မိသားစုဝင် လုပ်အား**	**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်**
	အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,)				
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ				

ရင်းမြစ် .(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ ကျောက်တွင်း သတ္ထုတူးဖော်၊ နေ့စားအလုပ်သမား စသည်တို့တွေ့ရသည်။အရင်းအနှီးနှင့်နည်းပညာအားနည်းမှုကြောင့် ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ခြင်းမရှိ။နေ့စားလုပ်ကိုင်ကြရပြီး အလုပ်နှင့်ဝင်ငွေ ပုံမှန်မရှိခြင်းကြောင့် ရပ်တည်နိုင်မှုအသင့်အတင့်သာရှိသည်။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်မှုလည်း နည်းပါးသည်။အသက်မွေးဝမ်းကျောင်းပညာသင်တန်းများတက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ် အရင်းအနှီး မတတ်နိုင်ကြပါ။

(၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

အခွင့်အလမ်း:	**ဖော်ပြချက်/ ရှင်းလင်းချက်**
ဈေးကွက်နှင့်နီးသည်	**ဒေသစိုက်ပျိုးရေးထုတ်ကုန်၊သဲကျောက်ထုတ်ကုန်များ**
သယ်ဇာတများရှိသည်	**သဲ၊ကျောက်၊သစ်၊ဝါး စသည်များထွက်သည်။**
တည်ငြိမ်အေးချမ်းမှုရှိသည်	**နယ်မြေအေးချမ်းပြီး လွတ်လပ်စွာ သွားလာရောင်းဝယ်နိုင်သည်။**

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဒေသစိုက်ပျိုးထုတ်ကုန်များကို အလွယ်တကူ ရောင်းဝယ်နိုင်

သည်။သယံဇာတများအဖြစ် သဲ၊ကျောက်၊သစ်၊ဝါး စသည်တို့ကို တွေ့ရသည်။နယ်မြေအေးချမ်းပြီး လွတ်လပ်စွာသွားလာရောင်းဝယ်နိုင်သည်။

ဇယား(၂၃-ခ) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲများ**

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ ရှင်းလင်းချက်
အလုပ်အကိုင်ရှားပါးမှု၊လုပ်အားခနည်းပါးမှု	**ကျေးရွာအတွင်းအလုပ်လုပ်နိုင်သောအရွယ်ရှိသော်လည်း အခွင့်အလမ်းနည်းပါးသည်။လုပ်အားခလည်း နည်းပါးပြီး ပုံမှန်အလုပ်အကိုင်လည်းမရကြပါ။**
အသက်မွေးဝမ်းကျောင်းအတတ်ပညာအားနည်းသည်	**ဘွဲ့ရနှင့်ဘွဲ့မရသော အလုပ်လုပ်နိုင်သည့် လူငယ်များသော်လည်း အသက်မွေးဝမ်းကျောင်းအတတ်ပညာအားနည်းသည်။သင်တန်း တက်ရန် အရင်းအနှီးလည်းမတတ်နိုင်ပေ။**
အရင်းအနှီးချေးငွေလက်လှမ်းမမီနိုင်ခြင်း	**ဆင်းရဲသားများအနေဖြင့် တပိုင်တနိုင်လုပ်ငန်းထူထောင်ရန် အရင်းအနှီးမရှိ၊ချေးငွေလည်း လက်လှမ်းမမှီနိုင်ကြပါ။**
သစ်ဝါးထွက်သော်လည်း ကုန်ချောထုတ်လုပ်ငန်း ကျွမ်းကျင်မှုမရှိ	**ကုန်ချောထုတ်နိုင်ရန် ကျွမ်းကျင်မှုရှိပါက ဝင်ငွေတိုးလာနိုင်သည်။**

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူငယ်များသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။နေ့စားလုပ်အားခလည်းနည်းပါး၍ ပုံမှန်အလုပ်အကိုင်လည်းမရကြပါ။ အသက်မွေးဝမ်းကျောင်း အတတ်ပညာကျွမ်းကျင်မှုများ အားနည်းသည်။ဆင်းရဲသားများအနေနှင့်လည်း တပိုင်တနိုင် လုပ်ငန်းများ ထူထောင်ရန် အရင်းအနှီးမရှိ။ချေးငွေလည်း လက်လှမ်းမမီနိုင်ကြပါ။ကျေးရွာတွင် သစ်၊ဝါး သဲကျောက်တို့ အဓိက ထွက်သော်လည်း ကုန်ချောထုတ်လုပ်နိုင်ရန် ကျွမ်းကျင်မှုအားနည်းနေသည်။

(၂.၃) ရွှေပြောင်းလုပ်သားများ

(၂.၃.၁) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

#	ပုံစံ	အိမ်ထောင်	လူဦးရေ	ပြည်တွင်း	ပြည်ပ

		စုအရေအတွက်	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
၁	ရွှေပြောင်းလုပ်သားတစ်ဦးအနည်းဆုံးရှိသောအိမ်ထောင်စု	၃၅									
၂	ရွှေပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ		၃၅	၃၁	၆၆	၃၅	၃၀	၆၅	-	၁	၁
၃	ကျေးရွာပြင်ပသို့ ရွှေပြောင်းမှုကာလ										
	၃ လ အထိ					၅	၂	၇			
	၆ လ အထိ					၈	၄	၁၂			
	၁၂ လ အထိ					၁၄	၁၁	၂၅			
	၁၂ လ အထက်					၈	၁၃	၂၁			

ရင်းမြစ် .(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်အကိုင်ရှားပါးခြင်းနှင့်လုပ်အားခနည်းခြင်းကြောင့် အခြား ဒေသသို့ ရွှေပြောင်းသွားရောက်အလုပ်လုပ်ကြရသည်။ပြည်တွင်း ရွှေပြောင်းလုပ်သားအနည်းဆုံး တစ် ဦးရှိသော အိမ်ထောင်စုပေါင်း ၃၅ အိမ်ထောင်စု ၅၇%ရှိသည်။ရွှေပြောင်းလုပ်သားဦးရေသည် အလုပ်လုပ် ကိုင်နိုင်သော လူဦးရေ၏ ၆၆ ယောက်ရှိသည်။အမျိုးသားရွှေပြောင်းလုပ်သားအရေအတွက်မှာလည်း အမျိုးသမီးရွှေပြောင်းလုပ်သားဦးရေထက်ပိုများသည်ကိုတွေ့ရသည်။

(၂.၃.၂)ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

စဉ်	အကြောင်းအရာ	လူဦးရေ
၁	ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများရှာဖွေရန်	၆၆
၂	နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း	
၃	ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း	
၄	အခြား	

ရင်းမြစ် ..အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပြောင်းသွားလာသူအားလုံးသည် မိမိတို့ကျေးရွာတွင် အလုပ်အကိုင်ရှားပါးခြင်းနှင့် လုပ်အားခနည်းခြင်းကြောင့် ပိုမိုကောင်းမွန်သော

အလုပ်အကိုင်နှင့်ဝင်ငွေရရှိရန်ဖြစ်သည်။

(၂.၃.၃) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

စဉ်	အကြောင်းအရာ	အိမ်ထောင်စု အရေအတွက်				
		စုစုပေါင်း	% ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု	မြင့်	လတ်	နိမ့်
၁	ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက်	၃၅	၅၇.၄%		√	
၂	ပြန်ပို့ငွေ လမ်းကြောင်းများ					
	- ငွေလွှဲလုပ်ငန်း (ဟွန်ဒီ)	၃	၄.၉%			√
	- ဘဏ်	၃	၄.၉%			√
	- လူကြုံဖြင့်လွှဲပို့ခြင်း/ကိုယ်တိုင်	၂	၃.၃%			√
	- ငွေလွှဲလုပ်ငန်းနှင့် ဘဏ်					
	- ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း					

ရင်းမြစ် ..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရွှေပြောင်း အလုပ်လုပ်ကိုင်သော အိမ်ထောင်စု ၃၅အိမ်ထောင်စု(၅၇.၄%) သည်ပြန်ပို့ငွေအပေါ် မှီခိုနေရပြီးမှီခိုရမှု လတ်သည်။၃ အိမ်ထောင်စု(၄.၉%)သည်(ဟွန်ဒီ)ငွေလွှဲလုပ်ငန်း သို့မဟုတ်ဘဏ်ဖြင့် ငွေလွှဲကြသည်။၂အိမ်ထောင်စု(၃.၃%)သည် လူကြုံဖြင့်လွှဲပို့ကြသည်။ကျန်အိမ်ထောင်စုများသည်ငွေလွှဲခြင်း အတိအကျမရှိ လူကိုယ်တိုင် ငွေသားနှင့်အတူပြန်လာတတ်သည်။

(၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(မိုင်)	ရွာအနီး	မိုးညှင်းသို့ ၅ မိုင်
သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ	ကိုယ်ပိုင်ဆိုင်ကယ်	ကိုယ်ပိုင်ဆိုင်ကယ်၊သုံးဘီး၊ ဆိုင်ကယ်
ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု	ဟင်းသီးဟင်းရွက်၊အသီး အနှံ	ဟင်းသီးဟင်းရွက်၊အသီး အနှံ
ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု	သက်ကယ်၊အကာမရှိ ၊ သစ်သားခင်း	သွပ်မိုး၊အကာရှိ၊ဆိုင်ခန်း

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးထုတ်ကုန်များအတွက် ကျေးရွာအနီး ရွှေဘုံသာဘုရားကြီးစျေးတွင်ရောင်းဝယ်နိုင်သည်။ဟင်းသီးဟင်းရွက်၊အသီးအနှံများကိုကျေးရွာစျေးတွင် အလွယ်တကူဝယ်ယူနိုင် ပြီး မိုးညှင်းစျေးသို့ ကိုယ်ပိုင်ဆိုင်ကယ်၊သုံးဘီးဆိုင်ကယ်တို့ဖြင့် ရာသီမရွေးသွားရောက်ရောင်းဝယ်နိုင် သည်။

(၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း (လ)	အပေါင်ခံပစ္စည်းလိုအပ်မှု	ချေးငွေရရန် အခက်အခဲများ
အစိုးရဘဏ် (စိုက်ပျိုးရေးဘဏ်၊ သမဝါယမချေးငွေ)	ချေးငွေ	၅လ	၀.၆%	ပုံစံ(၇)	ပုံစံ(၇) ရှိသူသာငွေချေးနိုင်သည်
ပုဂ္ဂလိကဘဏ်					
ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍ					
အဖွဲ့အလိုက်ငွေစု/ငွေချေးအစီအစဉ်					
ငွေချေးပေးသူ					
အပေါင်ဆိုင်					
မိတ်ဆွေနှင့်ဆွေမျိုးများ					
အခြား(သမ)					

ရင်းမြစ် ..(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးဘဏ်ချေးငွေသည် ပုံစံ(၇) ရှိသော လယ်မြေတစ်ဧကလျှင် ၁၅၀၀၀၀ကျပ်နှုန်းဖြင့် တစ်ကြိမ်သာ ချေးယူနိုင်သည်။အတိုးနှုန်းမှာ(၀.၆%)ဖြစ်သည်။ချေးယူပြီး ၆လ အကြာတွင် ပြန်လည်ပေးဆပ်ကြရသည်။သီးနှံမအောင်မြင်ပါက မိမိရှိရာ(ကျွဲ၊နွား၊ရွှေထည်)ရောင်း/ပေါင် ပြီး မဖြစ်မနေ ပေးဆပ်ကြရသည်။

(၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

(၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာ အခြေအနေ	နိမ့်	နှံးမြေ၊မြေသားဖွဲ့စည်းမှုသင့်
အပင်မျိုးစိတ်များ	လတ်	အနည်းငယ်ထိန်းသိမ်းကြသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	လတ်	အသင့်အတင့်ကျရောက်သည်။
ရေရင်းမြစ်	နိမ့်	မိုးရေ၊ချောင်းရေမှ ရရှိနိုင်သည်။
ငါးမျိုးကွဲများ		ငါးမရှိ
အခြားတိရစ္ဆာန်မျိုးကွဲများ		မရှိ
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်	စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့ စွန့်ပစ်ကြသည်။

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လယ်ယာမြေဆီသြဇာသည် နှံးမြေဖြစ်သောကြောင့် မြေသားဖွဲ့စည်းမှု အသင့်အတင့်ရှိသည်။ဓါတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည်။ပိုးသတ်ဆေး၊ပုလင်း ခွံ၊ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု မြင့်သည်။သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိ ပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ရေအရင်းအမြစ်မှာလည်း လုံလောက်မှုရှိပြီး ၊ သောက်သုံးရန်သင့်သော အနေအထားတွင်ရှိသည်။အပင်မျိုးစိတ်များကိုလည်း အနည်းငယ် ထိန်းသိမ်းလေ့ရှိသောကြောင့် အန္တရာယ်ရှိမှု အလယ်အလတ်ဖြစ်သည်။

(၂.၇) ပညာရေး

(၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
စာမတတ်သူဦးရေ	၂	၁၄	၁၆	၆.၂%
ဘုန်းကြီးကျောင်းသင်ပညာရေး	၁၆		၁၆	၆.၂%
မူလတန်းပညာရေး မပြီးဆုံးသူဦးရေ	၁၈	၂၂	၄၀	၁၅.၆%
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၄၉	၄၀	၈၉	၃၄.၆%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၂၆	၃၇	၆၃	၂၄.၅%
အထက်တန်းပညာရေး	၇	၈	၁၅	၅.၈၃%

အတန်းပညာပြီးမြောက်မှု	ကျား	မ	ပေါင်း	၉ နှစ်နှင့်အထက် လူဦးရေ၏ %
ပြီးဆုံးသူဦးရေ				
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၄	၁၄	၁၈	၇%
၉ နှစ်နှင့်အထက် လူဦးရေပေါင်း	၁၂၂	၁၃၅	၂၅၇	၁၀၀.%

ရင်းမြစ် .အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ပညာရေးနှင့် စာတတ်မြောက်မှုကိုလေ့လာကြည့်ရာတွင် စာဖတ်သူ ၁၆ဦး(၆.၂%ဝနှင့်မူလတန်းပညာရေးမပြီးဆုံးသူ ၄၀ ဦး(၁၅.၆%)တွေ့ရှိရသည်။အခြေခံပညာတတ် မြောက်မှု၊မူလတန်းပြီးဆံးသူ၊အလယ်တန်းပညာပြီးဆုံးသူ ၊အထက်တန်းပညာပြီးဆုံးသူ အရေအတွက်ကို လေ့လာကြည့်ရာတွင် အမျိုးသားဦးရေများပြီး အမျိုးသမီးဦးရေ နည်းနေသည်ကို တွေ့ရသည်။ဘွဲ့ရ အရေ အတွက်မှာ အမျိုးသမီး ပိုများနေသည်ကို တွေ့ရသည်။သားယောက်ကျားလေးများမှ မိသားစုဝင်ငွေ အတွက် ကွင်းဆင်းလုပ်ကိုင်ကြရသောကြောင့် ပညာပြီးဆုံးအောင်မသင်နိုင်ကြပါ။

(၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၁၇	၁၂	၂၉	၃၇.၇%
အလယ်တန်း (၁၀-၁၄နှစ်)	၈	၁၂	၂၀	၂၅.၉၇%
အထက်တန်း (၁၅-၁၆ နှစ်ကြား)	၃	၁၅	၁၈	၂၃.၃၇%
တက္ကသိုလ် ကျောင်းသား၊ သူ	၆	၄	၁၀	၁၂.၉၉%

ရင်းမြစ် ..(၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်း၊အလယ်တန်းကျောင်းသား/သူ အရေအတွက်ပေါင်း ၄၉ယောက် တွေ့ရှိရသည်။အထက်တန်းကျောင်းသား/သူ အရေအတွက်မှာ ၁၈ ယောက်(၂၃.၃၇%) တွေ့ ရှိရ သည်။တက္ကသိုလ် ကျောင်းသား/သူအရေအတွက်မှာ ၁၀ ယောက်(၁၂.၉၉%) ခန့်သာ တွေ့ရသည်။ ကျောင်းသူအရေအတွက်မှာ ကျောင်းသားအရေအတွက်ထက်များနေသည်ကို တွေ့ရသည်။

(၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	မူလတန်းကျောင်း	
ရွာမှအကွာအဝေး(မိုင်)	ရွာအတွင်း	
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်	
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	၆၀' x၃၀' x၁၂'	၈၀' x၃၀' x၁၆'

အကြောင်းအရာ	မူလတန်းကျောင်း					
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်မိုး၊ အုတ်နံရံကာ၊သမံတလင်း					
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာ အခြေအနေ	စာရေးခုန် လိုအပ်မှုရှိ၊စားပွဲခုန် ဗီရို လိုအပ်မှုရှိသည်					
ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ)	ကျေးရွာမှ အလှူရှင်များ ရံဖန်ရံခါ လှူဒါန်းမှုပြုတတ်သည်။					
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	-	၃	၃	-	-	-
ကျေးရွာခန့်		၁	၁			

ရင်းမြစ် ..(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ မူလတန်းကျောင်းမှာ အလျား ၆၀ပေ၊အနံ ၃၀ပေ၊အမြင့် ၁၂ ပေ၊သွပ်မိုး၊အုတ်နံရံကာနှင့်အဆောင်တစ်ဆောင်ရှိသည်။ကျောင်းခြံစည်းရိုး ဆောက်လုပ်ရန်လိုသည်။ ကျောင်းဆောင်တွင် စာရေးခုန် လိုအပ်မှုရှိနေသည်။စားပွဲခုန်၊ဗီရို စသည်တို့လည်း လိုအပ်နေသည်။ ကျောင်းအာဟာရအတွက် ကျေးရွာအတွင်းမှ အလှူရှင်များ ရံဖန်ရံခါ ဆန်ပြုတ် တိုက်ကျွေးတတ်သည်။ ကျောင်းကျန်းမာရေးပညာရေး အစီအစဉ်လည်းမရှိကြပါ။

(၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) **ပညာရေး** အခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ရရှိနိုင်မှု	၄ ဦး
တပည့် - ဆရာ အချိုး	မူလတန်း ၇ ː ၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	-
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုရှိသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	ထောက်ပံ့မှုမရှိ။
ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု	အားကစားပစ္စည်းစုံလင်မှုမရှိ၊အားကစားကွင်းကျဉ်းသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	

ရင်းမြစ် ..(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျောင်းဆရာမ ၄ ဦးနှင့်ကျောင်းသား/သူဦးရေ ၂၆ ဦးရှိသည်။ တပည့်ဆရာအချိုးမှာ ၇ ː ၁ ဖြစ်သောကြောင့် ဆရာလုံလောက်မှုရှိပါသည်။ကျောင်းသုံးစာအုပ်နှင့်

စာရေး ကိရိယာ လုံလောက်မှုရှိသော်လည်း အားကစား ပစ္စည်းမလုံလောက်သည့်အပြင် အားကစားကွင်းမှာ လည်းကျဉ်းသည်။ဆင်းရဲသော မိသားစုအတွက် ကျောင်းစရိတ်တတ်နိုင်မှုမရှိပေ။ထောက်ပံ့မှုလည်းလို အပ်နေသည်။

(၂.၈) ကျန်းမာရေးနှင့်အာဟာရ

(၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*			*မှတ်ချက် / သုံးသပ်ချက်*
		မြင့်	*နိမ့်*	*မရှိ*	
၁	ဝမ်းပျက်ဝမ်းလျှောက		√		*သောက်သုံးရေ သန့်ရှင်းမှုအားနည်းသည်။*
၂	သွေးလွန်တုပ်ကွေး	√			*ခြင်ပေါက်ဖွားမှု အဆမတန်များပြားခြင်း*
၃	ငှက်ဖျား	√			*ခြင်ပေါက်ဖွားမှု အဆမတန်များပြားခြင်း*
၄	အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ		√		*လေထုမှတဆင့် ချောင်းဆိုးခြင်းများကူးစက်နိုင်သည်။*
၅	HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ			√	
၆	တီဘီ			√	
၇	ဆီးချို		√		*ဓာတုဆေးဝါးများသော အစားအစာများစားသုံးနေရခြင်း*
၈	သွေးတိုး	√			*လေ့ကျင့်ခန်းလုပ်လေ့လုပ်ထမရှိခြင်း*
၉	အသည်းရောဂါ (ဘီ၊ စီ)			√	
၁၀	အာဟာရချို့တဲ့မှု		√		*ဆင်းရဲသောကြောင့် အာဟာရ ချို့တဲ့မှုဖြစ်နိုင်သည်။*
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ			√	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ပြီး အာဟာရပြည့်ဝသည်။သွေးလွန်တုပ်ကွေး၊ငှက်ဖျားရောဂါနှင့်သွေးတိုးရောဂါ ဖြစ်ပွားမှုနှုန်းမြင့်သည်။ဝမ်း ပျက်ဝမ်းလျှောရောဂါမှာ သောက်သုံးရေမသန့်ရှင်းမှုကြောင့်ဖြစ်သည်။အသက်ရှူလမ်းကြောင်းကူးစက် ရောဂါ ဆီးချိုရောဂါတို့မှာ

ဖြစ်ပွားမှုနိမ့်သည်။အများစုမှာ ဆင်းရဲသောကြောင့် အာဟာရချို့တဲ့မှုမှာလည်း ဖြစ်နိုင်ခြေရှိသည်။သို့သော် နိမ့်သည်။

(၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

စဉ်	ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ	ရှိ	မရှိ	မှတ်ချက် / သုံးသပ်ချက်
၁	အဆုတ်ရောဂါ	√		ဆေးလိပ်သောက်သုံးမှုများခြင်းကြောင့်ဖြစ်သည်။
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ			
၃	ပိုလီယိုရောဂါ			
၄	မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း)			
၅	ဝက်သက်ရောဂါ			
၆	အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု**			
၇	အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)			
၈	အာဟာရပညာပေးအစီအစဉ်			

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကာကွယ်ဆေးပုံမှန်ထိုးပေးသည်။အာဟာရပညာပေး ဝန်ဆောင်မှုမရကြပါ။

(၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလော က်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေ	မရှိ		ကျန်းမာရေးမှူး- သားဖွားဆရာမ -		

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (မိုင်)	အခန်း/ ကုတင် (လုံလော က်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ဌာန			အရံသားဖွားဆရာ မ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်-		
တိုက်နယ် ဆေးရုံ			ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာ မ- ဓာတ်ခွဲကျွမ်းကျင် -		
မြို့နယ် ဆေးရုံ	မိုးညှင်း ၅မိုင်		ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာ မ- ဓာတ်ခွဲကျွမ်းကျင် -		
ဆေးဆိုင်	ကျေးရွာ အတွင်း		ဆေးဝါးကျွမ်းကျ င်သူ-မရှိ	လက်လှမ်းမှီမှု-ရှိ ဆေးဝါး--ရှိ သိုလှောင်ပုံစနစ်-- အအေးခန်းစနစ်--	ကျေးရွာ ဖွံ့ဖြိုးမှု နည်းသေ း သည်။

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့်ကျန်းမာရေးပညာပေးများ လုံလောက်မှုမရှိပါ။သားဖွားဆရာမ တစ်ရွာတစ်ဦး ခန့်ထားပေးရန်(သို့မဟုတ်)အရန်သားဖွားသင်တန်းပေးရန်လိုအပ်သည်။ကျေးရွာအတွင်း ဆေးဝါးဆိုင်ရှိ သော်လည်း ကျန်းမာရေးအသုံးအဆောင်နှင့်ဆေးဝါးပြည့်စုံမှုမရှိပါ။အရေးပေါ်ဖြစ်ပါက မိုးညှင်းဆေးရုံသို့ လူမှုကူညီရေးကားဖြင့်အချိန်မရွေးသွားကြရသည်။

(၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၂၈	အကောင်း		√	√	
အဝိစိတွင်း (စက်တပ်)						
အဝိစိတွင်း/တုံကင်	၂	ကောင်း				
ကန်	၁၃	ကောင်း				
မြစ်/ချောင်း	-					
မိုးရေသိုလှောင်ကန်						
စိမ့်စမ်းရေသွယ်တန်းခြင်း						
အခြား						

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓမ္မပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်ရေတွင်း ၂၈ တွင်းရှိသည်။ရေတွင်းများမှာ တစ်နှစ်ပတ် လုံးရေလုံလောက်ပြီး သောက်သုံးရန်သင့်တော်သည်။

(၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၆၁	ကျန်းမာရေးဗဟုသုတအနည်းငယ်ရှိသည်။
ကျင်းအိမ်သာ		
မြေပေါ် အိမ်သာ		
တောထိုင်		
စုစုပေါင်း	၆၁	

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု ၆၁ အိမ်ရှိသော်လည်း ယင်လုံအိမ်သာ ၁၃လုံးသာ

ရှိသည်။ကျန် ၄၈လုံးမှာ ယင်လုံအိမ်သာဟု ခေါ်နိုင်သော်လည်း အမှန်တကယ် ယင်လုံမှုမရှိကြပါ။သန့်ရှင်း မှုလည်း လိုအပ်နေသည်။

(၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

#	*ကျား-မ ကိစ္စရပ်ဆိုင်ရာ*	*ရှိ*	*မရှိ*	*မှတ်ချက် / သုံးသပ်ချက်*
၁	ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု		√	*အမျိုးသမီးများကိုယ်တိုင် မိမိကိုယ် ကိုယ့်ကြည်မှုအားနည်းနေသည်။*
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်မှု		√	
၃	**လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ**		√	
၄	**အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု**		√	
၅	**အခြား** (ရှိလျှင်)			

ရင်းမြစ်..(၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်ရှိယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံအရ ကျား မခွဲခြားဆက်ဆံမှု အနေဖြင့် ကြီးမားသောပြဿနာနှင့် ကျား မအကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု ခွဲခြားဆက် ဆံခြင်းများ မတွေ့ရပါ။အမျိုးသား အမျိုးသမီး တန်းတူ အခွင့်အရေးရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ကျေးရွာစီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု၊ခေါင်းဆောင်မှု မရှိခြင်းမှာ သူတို့ကိုယ် တိုင် မိမိကိုယ်ကိုယုံကြည်မှု အားနည်းနေခြင်းကြောင့်ဖြစ်သည်။

(၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

(၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	**အမျိုး အစား (၁/၂/၃)**	**ကောင်း/ ဆိုး**	**တည်ဆော က် ခဲ့သောနှစ်**	**ရာသီအလိုက် သုံးစွဲနိုင်မှု**		**လမ်းအရှည် (မိုင်)**
				ပွင့်လင် း ရာသီ	**တစ်နှ စ်ပတ် လုံး**	

လမ်း အမျိုးအစား	အမျိုးအစား (၁/၂/၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (မိုင်)
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး	
ရွာတွင်းလမ်း	၃	ကောင်း	၂၀၁၇	√	√	
ချဉ်းကပ်လမ်း						
ရွာချင်းဆက်လမ်း						
အခြား						

ရင်းမြစ် .ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံးကောင်းမွန်စွာ သွားလာနိုင်သည်။ကွန်ကရစ်လမ်းကို ၂၀၁၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

(၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

တံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
ဆိပ်ခံတံတား					
ကွန်ကရစ်တံတား					
ကြိုးတံတား					
ရေပြွန်					
အခြား(သစ်သား)					

ရင်းမြစ် .ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရွာချင်းဆက်ထားသော လမ်း၊တံတား ဟူ၍ မရှိပေ။

(၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပတ်လုံး
မြစ်ကြောင်း				
ပင်လယ်ရေကြောင်း				
အခြား				

ရင်းမြစ်.ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။ ၁ – လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သဘော်ဘ
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းအသုံးပြု မှုမရှိပါ။

(၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊သမ္ဘာန်	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၁၂	၆၉	၁၀	၃		၂၁

ရင်းမြစ်.အိမ်ထောင်စုစာရင်း ကောက်ယူမှု။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၁၂ စီး၊ဆိုင်ကယ် ၆၉စီး၊ သုံးဘီးဆိုင်ကယ်နှင့်ထော်လာကျီ ၁၀ စီး၊ကား ၃ စီးနှင့်နွားလှည်း ၂၁ စီးရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင် သွားလာရေးနှင့်သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစုအသုံးပြုကြသည်။

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ်(ကောင်း/သင့်/ညံ့)	အခက်အခဲရှိ/မရှိ
မဟာဓာတ်အားလိုင်း	၄၅	ကောင်း	ဘက်စုံသုံးနိုင်သည်
ဆိုလာစနစ်	၁၆	သင့်	စာဖတ်ရန်နှင့်ညဖက်မီးလင်းရန်အသုံးဝင်သည်။
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်			
လေစွမ်းအင်			
ဇီဝလောင်စာ			
အခြား			

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မဟာဓါတ်အားလိုင်း အသုံးပြုသူ ၄၅အိမ်ထောင်စုရှိပြီး ဆိုလာအသုံးပြုသူ ၁၆ အိမ်ထောင်စုရှိသည်။

(၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း	အခြား
အရေအတွက်	၁၅၀	၂၁	၃၁	၁၆	

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆက်သွယ်ရေး၊သတင်းအချက်အလက် နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်းနီးပါး တယ်လီဖုန်း အသုံးပြုနိုင်ကြပြီး တယ်လီဖုန်း(၁၅၀)လုံး၊ရေဒီယို(၂၁)လုံး၊တီဗွီ(၃၁)လုံးနှင့် စလောင်း ၁၆ ခုရှိသည်။

(၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်းအမည်	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု	သီးသန့်မရှိ၊ရုပ်မြင်သံကြားတွင် နားထောင်ကြသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	တက်ကြွစွာပါဝင်ကြသည်။
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	တက်ကြွစွာပါဝင်ကြသည်။
အားကစားပစ္စည်းများအား လက်လှမ်းမီမှု	အားကစားပစ္စည်းများမရှိကြပါ။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	မဖြစ်မနေ ပါဝင်ကြရသည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	အားနည်းသည်။
စာကြည့်တိုက်၊အင်တာနက်စသည်များအား လက်လှမ်းမီမှု	စာကြည့်တိုက်မရှိ၊အင်တာနက်စသည်တို့ကို တယ်လီဖုန်းမှတဆင့် လက်လှမ်းမီသည်။

ရင်းမြစ် .ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ အားကစားပစ္စည်းများမရှိဘဲ၊ပိုက်ကျော်ခြင်း၊ဘောလုံး၊အနည်းအကျဉ်းကစားကြသည်။ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့်ရိုးရာပွဲ ထိန်းသိမ်းခြင်း အားနည်းနေသည်။လူငယ်တိုင်းလိုလို အင်တာနက်အသုံးပြုကြ သော်လည်း ဗဟုသုတနည်းနေသေးသည်။

(၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

(၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု	ရွာအနီးတွင် ဆက်သွယ်ရေးတာဝါတိုင်ရှိသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု	မရှိ
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်	မရှိ
ရဲစခန်းများအား လက်လှမ်းမီမှု	မိုးညှင်းမြို့တွင် တည်ရှိသည်။
အခြား	

ရင်းမြစ်.ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။လူကုန်ကူးမှုမရှိပါ။မိုဘိုင်းဖုန်းကို အသုံးပြုနိုင်ပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်ရရှိနိုင်သည်။ရွာသားများသည် လိုအပ်ပါက ရဲစခန်းသို့ အလွယ်တကူ ချိုက်ဆက်နိုင်သည်။
(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု
ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
စိုးရိမ် /သာမန်	မရှိ	သာမန်	သာမန်	မရှိ

ရင်းမြစ်.ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။
မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှု နည်းပါးသည်။လူကုန်ကူးမှုမရှိပါ။ သာမန်ကိစ္စများကို ကျေးရွာအုပ်ချုပ်ရေးမှူးကို ဖြေရှင်းပေးသည်။

နောက်ဆက်တွဲ ၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
• သဘာဝအရင်းအမြစ်များ	
• နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက်	
• ရပ်ရွာတည်ငြိမ်အေးချမ်းမှု	
• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	
• ဆက်သွယ်ရေး	

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	
• သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ	

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ရွာပတ်ဝန်းကျင်သန့်ရှင်းခြင်း**					
၁	ရွာနောက်က ဝါးရုံမှ ရွာပတ်ဝန်းကျင်ရှုတ်ထွေးခြင်း၊ဝါးရုံမှတဆင့်ကျေးငှက်အညစ်အကြေးမှ အပုပ်နံ့ထွက်ခြင်း	လေတိုက်ခြင်းကြောင့် ကျိုးကျပျက်စီးသော ဝါး အချို့ရှင်းလင်းရေး	ကျေးရွာအတွင်း ပတ်ဝန်းကျင်သန့်ရှင်းစေရန်	ဝါးရုံများကိုယ်ပိုင်မဟုတ်၍ မခုတ်ရဲခြင်း	ရပ်ရွာနေ ပြည်သူများ၊ရာအိမ်မှူးများနှင့်အုပ်ချုပ်ရေးမှူးများညှိနှိုင်း ဆောင်ရွက်ခြင်း	ဝါးကျိုး၊ဝါးဟောင်းများရှင်းလင်းခြင်းကြောင့်ပတ်ဝန်းကျင် သန့်ရှင်းလာခြင်း
၂	**မီးသတ်ရေလှောင်ကန်**					
၁	ရွာအတွင်းမီးဘေးအန္တရာယ်ကို ကာကွယ်ရန် မီးသတ်ရေလှောင်ကန်မရှိခြင်း	ကျေးရွာနေပြည်သူများ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်ရေကိုသိုလှောင်ထားရှိရေးရေကို လွယ်ကူစွာရရှိနိုင်ရေး	ရပ်ရွာမီးဘေးအန္တာရာယ်လုံခြုံစိတ်ချရမှုရှိစေရန်	မီးဘေးအတွက် ရန်ပုံငွေမရှိခြင်း မီးသတ်အင်အားနည်းခြင်းအသိပညာပေးများနည်းပါးခြင်း	ကြိုတင်ကာကွယ်သည့်မီးဘေးပညာပေးများအသိပေးကြော်ငြာချက်များကြိုတင်ကာကွယ်နည်းများ သိရှိစေရန် ရန်ပုံငွေများ စုပေါင်းရှာဖွေရမည်	မီးသတ်ဦးစီးဌာနများနှင့်ချိတ်ဆက်၍ဆောင်ရွက်ခြင်း၊ကျေးရွာပြည်သူများ၏စုပေါင်း အင်အားနှင့်ဆောင်ရွက်ရမည်။ သက်ဆိုင်ရာများနှင့်ညှိနှိုင်းမှုများပြုလုပ်ရမည်။
၃	**ရေနုတ်မြောင်းတူးဖော်ရေး**					
၁	ရပ်ကွက်၊ကျေးရွာ	အစဉ်အလာအရ ရှေး	အိမ်တိုင်းအသိရှိစွာ	အိမ်တိုင်းမဖောက်	ရပ်ရွာနေပြည်သူများ	ရေစီးရေလာမကောင်း၍ ရေ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	အိမ်ရှေ့၊အိမ်နောက်ရေဝပ်ခြင်းကြောင့် ရေပုတ်များအနှံ့ဆိုးခြင်း	ယခင်မှ စ၍ရေနုတ်မြောင်းများရှိပြီး၊ယခုအချိန်တွင် ရေနုတ်မြောင်းများ ပျောက်နေခြင်း၊ရာအိမ်မှူးတို့၏ခိုင်းစေမှုအားနည်းခြင်း	ဖြင့်ဖောက်လုပ်ခြင်း၊အုပ်ချုပ်ရေးမှူးအမိန့် ကိုစောင့်ဆိုင်းနေကြခြင်း	၍ရေနုတ်မြောင်းမျဉ်းပျောက်ရခြင်း	ရာအိမ်မှူး၊ဆယ်အိမ်မှူးများနှင့်အုပ်ချုပ်ရေးမှူးတို့ညှိနှိုင်းဆောင်ရွက်ခြင်း	ဝပ်ခြင်းကြောင့်ရေမှ ပေါက်ဖွားသောခြင်းများပေါခြင်း၊ရောဂါများဖြစ်တတ်ခြင်းတို့ကြောင့်ကျန်းမာရေးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း
၄	**ကျန်းမာရေး**					
	ရာသီအလိုက်ဖြစ်သောရောဂါများဖြစ်ခြင်း၊ဝမ်းပျက်၊ဝမ်းလျှော်၊တုပ်ကွေး၊သွေးလွန်တုပ်ကွေး၊ငှက်ဖျား၊သွေးတိုး၊ဆီးချို၊သွေးချို၊ကင်ဆာနှလုံး၊သွက်ခြာပါဒ၊ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ဆိုင်သောရောဂါ B ပိုး၊C ပိုး၊HIV ၊AIDS ရောဂါ	ရာသီဥတုကြောင့် ရောဂါဖြစ်ပွားခြင်းကိုအားပေးခြင်း၊အာဟာရချို့တဲ့ခြင်း၊ကာကွယ်ဆေးမထိုးခြင်း၊သန့်ရှင်းသပ် ရပ်မှုအားနည်းခြင်း၊ဆန်စက်၊စပါးစက်၊ပဲစက်များကြောင့် လေထုညစ်နွမ်းခြင်း၊ရေမြောင်းများ ပိတ်ဆို့နေပြီး ရေဝပ်ခြင်းကြောင့်ခြင်ပေါခြင်း	ကျေးလက်ဆေးပေးခန်း ရှိခြင်း၊ရေကောင်းရေသန့်ရရှိခြင်း၊ကာကွယ်ဆေး တိုက်ကျွေးသည့် အစီ အစဉ်များနှစ်စဉ်ရှိခြင်း	ကျန်းမာရေးဝန်ထမ်းများ မလုံလောက်ခြင်း၊ကျေးရွာသူ၊ကျေးရွာသားများ အသိပညာနည်းပါးခြင်း	ရာသီအလိုက်အဖြစ်များသောရောဂါများကိုကြိုတင်နိုးဆော်ကာကွယ်မှုများဆောင်ရွက်ခြင်း၊ကျန်းမာရေးဆိုင်ရာအဆောက်အဦးပစ္စည်း ကိရိယာများပြည့်စုံစွာဖြည့်ဆည်းခြင်း၊ဆေးရုံဆေးခန်းကြောက်သူများကို ပညာပေးစည်းရုံးခြင်း	ထိရောက်သည့်ကျန်းမာရေးဝန်ဆောင်မှုရရှိရန်၊ဆောင်ရွက်ခြင်း၊ကျန်းမာရေး အကျိုးဆောင်အဖွဲ့များ ဖွဲ့၍ ရာသီအလိုက်အဖြစ်များသောရောဂါများကိုကြိုတင်ကာကွယ် ဦးဆောင်မှုများပြုလုပ်ခြင်း၊ကျန်းမာရေးပညာပေးသင်တန်းများဖွင့်ခြင်း အဆောက်အဦး၊အသုံးအဆောင်၊ဝန်ထမ်း၊ ဆရာဝန်၊ဆေးလုံလောက်မှုရရှိအောင်တောင်းဆိုခြင်း
၅	**လူငယ်ဖွံ့ဖြိုးရေး**					
	ကစားကွင်းမရှိခြင်း၊	အခြေခံလက်လုပ်		မူးယစ်ဆေးဝါး	မူးယစ်ကင်းစင်ဝန်း	အားကစားမျိုးစုံ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	အားကစားပစ္စည်းမရှိခြင်း၊ စာကြည့်တိုက်မရှိခြင်း၊ ယဉ်ကျေးမှုနှင့်အနုပညာထိတွေ့မှု နည်းပါးခြင်း၊မူးယစ်ဆေးဝါးသုံးစွဲသူများပေါများခြင်း	လက်စား ဆင်းရဲသားများခြင်း၊ကိုယ်လက်လုပ်ရှားမှု၊အားကစားကျန်းမာကြံ့ခိုင်ရေးအသိမရှိခြင်း၊ဖုန်းနှင့်အချိန်ဖြုန်းစရာများရှိခြင်း၊မူးယစ်ဆေးဝါးကို လွယ်ကူစွာဝယ်ယူရရှိနိုင်ခြင်း၊လူညွှန့်တုံး၊ လူမျိုးသုံးအန္တရာယ်ဖြစ် စေခြင်း		အန္တရာယ်ကိုတားဆီးရန်၊ပြည်သူများဘေးကင်းလုံခြုံရေး၊ရဲဝန်ထမ်းများမရှိ ခြင်း၊တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊အဂတိ လိုက်စားမှုများရှိခြင်း	ကျင်ဖြစ်အောင် စီစဉ်ဖန်တီးခြင်း၊စာဖတ်ချင်စိတ်ရှိအောင်ဖန်တီးပေးခြင်း၊လူငယ်များ၊အားကစားမှန်မှန်လုပ်လာအောင် စီစဉ်ပေးခြင်း	ကစားနိုင်ရန်၊ စီစဉ်ဖန်တီးပေးခြင်း၊ကိုယ်စိတ် ကျန်းမာ၍ဗဟုသုတဖြစ်စေရန်အပန်းဖြေမှုများ စီစဉ်ဖန်တီးပေးခြင်း၊နွေရာသီ အားလပ်ရက်များတွင် သင်တန်းများစီစဉ်ပေးခြင်း၊အားကစား၊စာပေ၊စာရိတ္တ လူမှုရေး စွမ်းဆောင်မှုများအတွက် ဂုဏ်ပြုပွဲများကျင်းပပေးခြင်း၊ အရက်၊မူးယစ်ဆေးဝါးကင်းစင် ကျေးရွာဖြစ်ရန်ရောင်းသူ၊သုံးစွဲသူများကို ပညာပေးခြင်း၊ဥပဒေအရ အရေးယူခြင်း
၆	**လျှပ်စစ်မီး**					
၁	လျှပ်စစ်မီး နေ့စဉ်နေ့တိုင်းမကြာမကြာခဏခဏ ပြတ်တောက်ခြင်း	ထမင်းဟင်းချက်ရာတွင်မီးပျက်၍ ဆန်ကုန်ငွေကုန်ဖြစ်ခြင်း၊ငွေကုန်ကြေးကျများခြင်း	မီးရရှိ၍ အလုပ်အကိုင်အဆင်ပြေချောမွေ့ခြင်း၊အိမ်ရှင်မများအချိန်ကုန်ငွေကုန်သက်သာခြင်း၊	မီးနှင့်ဆိုင်သောနည်းပညာများနည်းပါးခြင်း၊ လျှပ်စစ်မီးဝန်ထမ်းများတာဝန်ပေါ့လျော့	ကျေးရွာမီးလင်းရေးကော်မတီများနှင့်ချိတ်ဆက်ခြင်း	ကျေးရွာမီးလင်းရေး၊မဟာဓါတ်အားလိုင်း၊မီးသွယ်တန်းခြင်း၊ပညာပေးနည်းလမ်းများဆွေးနွေးခြင်း၊လျှပ်စစ်စွမ်းအင်ဌာနနှင့်ချိတ်ဆက်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
			သစ်တောများပြုန်းတီးမှုကိုကာကွယ်ခြင်း	ခြင်း		ခြင်း။
၇	**ပညာရေး**					
၁	ကျောင်းအဆောက်အဦးမလုံလောက်ခြင်း၊စာတတ်မြောက်မှုအရည်အသွေးသာမာန်ဖြစ်ခြင်း၊ကျူရှင်စနစ်ကြောင့်မိဘများငွေကုန်ကြေးကျများခြင်း၊ကျောင်းခြံစည်းရိုးကာရံမှုလိုအပ်ခြင်း	ကျောင်းသားဦးရေတိုးလာခြင်း၊ကျောင်းအဆောက်အဦးဟောင်းနွမ်းပျက်စီးခြင်း	ကျေးရွာအတွင်းဘွဲ့ရများနည်းပါးခြင်း၊	ပညာရေးဝန်ထမ်းများမလုံလောက်ခြင်း၊ပြင်ပကျောင်းကျူရှင်များလာခြင်း	ပညာရေးဌာနနှင့်ချိတ်ဆက်၍လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း၊ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ညှိနှိုင်းဆောင်ရွက်ခြင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်မိဘဆရာပူးပေါင်း၍ထိရောက်စွာလက်တွဲဆောင်ရွက်ခြင်း	ကလေးပျော်ရွှင်ဘက်စုံတော်စေသည့်ကျောင်းအဖြစ် ဖန်တီးတည်ဆောက်ခြင်း၊ အရိပ်ရကစားကွင်းနေရာနှင့် ဆီးဆောဒန်းဘားဒန်း စသည်ဖြင့်စီမံထားရှိခြင်း၊အဆောက်အဦးပရိဘောဂနှင့်သင်ထောက်ကူပစ္စည်းများပြည့်စုံစွာပံ့ပိုးခြင်း၊ကျောင်းပတ်ဝန်းကျင်လှ ပအောင်ဖန်တီးပေးခြင်း၊အားကစားများလေ့ကျင့်ပေးခြင်း။
၈	**မွေးမြူရေး**					
	မွေးမြူရေးနည်းလမ်းပညာအားနည်းခြင်း၊ရောဂါကျခြင်း၊ရင်းနှီးမြှုပ်နှံမှုငွေကြေးအားနည်းခြင်း	နည်းပညာဝန်ဆောင်မှုအားနည်းခြင်း၊ကာကွယ်ဆေးပုံမှန်မထိုးခြင်း၊ခြံသန့်ရှင်းရေးအားနည်းခြင်း၊မြေနေရာအကျယ်အဝန်း	မွေးမြူရေးကိုစိတ်ပါဝင်စားသူများရှိခြင်း၊ကျွမ်းကျင်လုပ်သားများရှိခြင်း။	ရာသီဥတုဒဏ်ကြောင့်ရောဂါများကျရောက်တတ်ခြင်း၊တိရစ္ဆာန်မွေးမြူရေးနည်းပညာပေးမှုမရှိခြင်း၊မွေး	တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေးအတွက်အလေးထားလိုစိတ်များတိုးတက်လာအောင်ဆောင်ရွက်ခြင်း၊မွေးကုဦးစီးဌာန	မျိုးကောင်းမျိုးသန့်များကိုရရှိရန် မြို့နယ်မွေးကုဦးစီးဌာနနှင့် လုပ်ငန်းရှင်များချိတ်ဆက်ဆောင်ရွက်ခြင်း၊မွေးမြူရေးဆိုင်ရာပညာပေးဟောပြောပွဲ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		မရှိခြင်း။		မြူရေး မိရိုးဖလာကိုအားကိုးယုံကြည် ခြင်း	နှင့်ချိတ်ဆက်၍ ဝန်ဆောင်မှုများပြည့်ဝစွာရရှိအောင်ဆောင်ရွက်ပေးခြင်း။	များပြုလုပ်ခြင်း။
၉	**စိုက်ပျိုးရေး(သီးနှံ)**					
	နည်းပညာအသုံးပြုနိုင်မှုအားနည်းခြင်း၊ ပိုးနှင့်ရောဂါကျခြင်း၊ မျိုးကောင်းမျိုးသန့် မစိုက်ပျိုးကြခြင်း၊ ရေမလုံလောက်ခြင်း၊ မြေဆီဩဇာညံ့ခြင်း၊ အချိန်မီ ထွန်ယှက်စိုက်ပျိုးရိတ်သိမ်းမှုမလုပ်နိုင်ခြင်း။	နည်းပညာဝန်ဆောင်မှုအားနည်းခြင်း၊သဘာဝ ရောဂါပိုးများကျနိုင်သည့် အခြေအနေပေါင်းစုံခြင်း၊ဆင်းရဲ၍ မဝယ်နိုင်ခြင်း၊မျိုးသန့်ပွားနည်း၊နည်းပညာမသိရှိခြင်း။	သီးထပ်စိုက်ပျိုးပြီးအထွက်တိုးရန် သွင်းရေရရှိနိုင်မှုရှိခြင်း၊ စက်ကိရိယာငှားရမ်းအသုံးပြုနိုင်ခြင်း၊မိုးသီးနှံဆောင်းသီးနှံဟင်းသီးဟင်းရွက်မျိုးစိုက်ပျိုးနိုင်ခြင်း၊ စိုက်ပျိုးရေးဌာနရှိခြင်း၊စိုက်ပျိုးမြေရှိခြင်း။	မိုးရွာသွန်းမှု နည်းပါးခြင်း၊မိုးခေါင်သောကာလ ကြာရှည်ခြင်း၊ချောင်းရေမြောင်းရေဆည်များခန်း ခြောက်ခြင်း၊ကွင်းဆင်းဝန်ထမ်းများ နည်းခြင်း၊ကုမ္ပဏီများမှလည်းမိမိတို့ဆေးဝါးများကိုရောင်းရရန် အလေးထားခြင်း။	ဝန်ဆောင်မှုပြည့်ဝစွာရရှိနိုင်ရန်စိုက်ပျိုးရေးဌာနနှင့်ပုဂ္ဂလိကအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မြို့နယ်အဖွဲ့အစည်းများ၏ အကူအညီဖြင့် အရေးကြီးသွင်းအားစုများ လက်လှမ်းမီအောင်ချိတ်ဆက်ခြင်း၊ မြို့နယ်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရေရရှိအောင်ဆောင်ရွက်ခြင်း။	စိုက်ပျိုးရေးနည်းပညာများရရှိ အသုံးပြုမှုတိုးတက်အောင် ဆောင်ရွက်ခြင်း၊မျိုးကောင်းမျိုးသန့်များစုပေါင်းဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း၊ စက်ကိရိယာများအရစ်ကျဝယ်ယူငှားရမ်းချိတ်ဆက်ဆောင်ရွက်ခြင်း၊ ရေရရှိရေးအတွက်ဆည်မြောင်းဦးစီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း
၁၀	**စိုက်ပျိုးရေးနှင့်မွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ**					
	အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ နေ့စားလုပ်ခလစာ	ဒေသအတွင်းစက်ရုံအလုပ်ရုံများမရှိခြင်း၊ ဒေသအတွင်းခရီးသွား	ပညာတတ်ကျွမ်းကျင်လုပ်သားများရှိခြင်း၊	စွန့်ဦးတီထွင်နိုင်မှုမရှိခြင်း၊ ချေးငွေဆိုင်ရာ မူဝါ	မြို့နယ်မှတဆင့် ပြည်ထောင်စုအဆင့်သို့ မူဝါဒဆိုင်ရာပံ့ပိုးရန်	အလုပ်အကိုင်၊အခွင့်အလမ်းများဖော်ထုတ်နိုင်ရန်မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြတောင်းဆို

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့်စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
	နည်းခြင်း၊ ရာသီဥတုကိုလိုက်၍ ကျပန်းအလုပ်ကို လုပ်ကိုင်ရခြင်း၊ အလုပ်ပုံမှန်မရှိခြင်း။	လုပ်ငန်းကြီးများမရှိခြင်း၊ ဒေသခံများအခြေခံပညာအားနည်းခြင်း၊ ဝန်ဆောင်မှုဆိုင်ရာအတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်း	ကျေးရွာတွင်ဘွဲ့ရပညာတတ်များရှိခြင်း၊လက်သမားဆရာ၊ စက်ပြင်ဆရာ၊ပန်းရံဆရာများရှိခြင်း	ဒကောင်းများမရှိခြင်း။	တင်ပြတောင်းဆိုခြင်း	ခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုင် ရာခရီးသွားလုပ်ငန်းစက်မှု လက်မှုလုပ်ငန်းအိမ်တွင်းမှု လုပ်ငန်းများနှင့်ဆိုင်သည့် မူဝါဒများ ပံ့ပိုးမှုများကို လွှတ်တော် ကိုယ်စားလှယ်များမှတဆင့် တင်ပြခြင်း

ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက မြဿီတာကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊